# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး
# (၁၆)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၀ ရက် )

[သောကြာနေ့]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပ ပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၈)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၇.၉၈)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း**

**အချိန်။ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ**
**ခွင့်ပန်ကြားခြင်း**

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များရဲ့စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဒေါက်တာလှသိန်း၊ မွန်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြတ်ကို၊ စစ်ကိုင်း(၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ ဒေသဖွံ့ဖြိုးရေးတို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို**
**မှတ်တမ်းတင်ခြင်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၈)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၇)ဦး၊ ယနေ့

ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦးဖြစ်၍ အမျိုးသား လွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်း ဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များမေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ်ကျောင်းသား၊ ကျောင်းသူများ သဘော်ာတက်ရောက်နိုင်ရေးအတွက် Electrical Workshop Skill Training သင်တန်း အမြန်ဆုံးဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးထွန်းမြင့်(အဖွဲ့ဝင်၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ)က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ် ကျောင်းသား၊ ကျောင်းသူများ သဘော်ာ တက်ရောက်နိုင်ရေးအတွက် Electrical Workshop Skill Training သင်တန်း အမြန်ဆုံးဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးထွန်းမြင့် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏ တိုင်ကြားစာ

ဆိုင်ရာကော်မတီရဲ့ အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ကော်မတီရဲ့ ကိုယ်စားဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီ ကြယ်ပွင့်ပြမေးခွန်း။ မေးခွန်း- မြန်မာနိုင်ငံရေကြောင်းပညာသတ္တသိုလ်မှ ရေကြောင်းလျှပ်စစ်နှင့် အီလက်တရောနစ် ကျောင်းသားများ သင်္ဘောတက်ရောက်နိုင်ရေးအတွက် Workshop Skill Training သင်တန်း အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးကိစ္စ။

၁။ အထက်ပါအကြောင်းအရာနှင့် ပတ်သက်၍ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ် အပတ်စဉ် (၈) မှ လျှပ်စစ်နှင့် အီလက်တရောနစ် (Marine Electrical system and Electronic ) (M.E.S.E) အထူးပြုဘာသာရပ်ဖြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အောင်မြင်ခဲ့သော ကျောင်းသားများက ပြည်သူတို့၏ တိုင်ကြားစာကော်မတီသို့ တင်ပြ အကူအညီ တောင်းခံလာခဲ့ပါသည်။

၂။ တင်ပြလာသည့် အကြောင်းအရာ အကျဉ်းချုပ်မှာ

(က) တင်ပြလာသူများသည် ကျောင်းမှ အောင်မြင်ပြီးနောက် အလုပ်ရရှိရေးအတွက် သင်္ဘောကုမ္ပဏီများသို့ သွားရောက် အလုပ်လျှောက်ထားရာတွင် လူတွေ့စစ်ဆေးမှုများ အောင်မြင်၍ အလုပ်ရရန်ဖြစ်သော်လည်း IMO (International Maritime Organization) STCW Code 2011 အရ ၂၀၁၄ ခုနှစ်မှစတင်၍အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေကြောင်းသင်္ဘောများတွင် Electrotechnical Officer (ETO) အဖြစ် လုပ်ကိုင်နိုင်ရန်အတွက် မဖြစ်မနေ တက်ရောက်ရမည်ဖြစ်ပြီး ရမည့် Electrical Work Shop Skill Training သင်တန်းဆင်းလက်မှတ် မရှိပါသဖြင့် အလုပ်အကိုင် မရရှိနိုင်ဖြစ်ကြရပါကြောင်း။

(ခ) ယင်း Electrical Work Shop Skill Training သည် မြန်မာနိုင်ငံတွင် မဖွင့်လှစ်သဖြင့် ရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းပြီးသော M.E.S.E ကျောင်းသားများမှာ သင်္ဘောပေါ်တွင် အလုပ်လုပ်ရန် မဖြစ်နိုင် ဖြစ်နေပါကြောင်း၊

(ဂ) တင်ပြသူများသည် ကမ္ဘာ့ရေကြောင်းလောကတွင် အလုပ်လုပ်ကိုင်လိုသူများ ဖြစ်သဖြင့် ရေကြောင်းပညာတက္ကသိုလ်သို့ တက်ရောက်ခြင်း ဖြစ်ပြီး၊ တက်ရောက်ခဲ့သည့် ပညာသင်နှစ် (၅)နှစ်စလုံးတွင်လည်း ကျောင်းပြီးလျှင် သင်္ဘောတက်မည့် မျှော်လင့်ချက်များ အပြည့်ဖြင့် အရည်အချင်းပြည့်မီအောင် အပတ်တကုတ် ကြိုးစားအားထုတ်ခဲ့ကြပြီး၊ ကျောင်းပြီးသည့်နောက်တွင် ရေကြောင်းဦးစီးဌာနမှ ပြဋ္ဌာန်းညွှန်ကြားထားသည့် လိုအပ်သည့်သင်တန်းများ၊ လိုအပ်သော ပညာရပ်များအား စဉ်ဆက်မပြတ် လေ့လာခဲ့ကြသော်လည်း မြန်မာနိုင်ငံတွင် Electrical Work Shop Skill Training သင်တန်းမရှိသည့်အတွက် ဘွဲ့ရအလုပ်လက်မဲ့များ ဖြစ်နေကြရပါသဖြင့် အဆိုပါ သင်တန်းအား အဆင်ပြေ သက်သာစွာ တက်ရောက်နိုင်ရေးအတွက် အကူအညီပေးပါရန် တင်ပြလာပါသည်။

၃။ အထက်ပါတင်ပြမှုအပေါ် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ရေကြောင်း လျှပ်စစ်နှင့် အီလက်ထရောနစ် ကျောင်းသားများ နစ်နာမှု မရှိစေရေးနှင့် သင်္ဘောတက်နိုင်ရေးအတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြ အကူအညီတောင်းခံစာနှင့်အတူ ပူးတွဲလျက် အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းအပ်ပါသည် -

(က) မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရောနစ် အထူးပြုဘာသာရပ်များဖြင့် အောင်မြင်ပြီးသူများ သင်္ဘောကုမ္ပဏီများသို့ အလုပ်လျှောက်ထားရာတွင် မဖြစ်မနေ လိုအပ်နေသည့် Electrical Work Shop Skill Training သင်တန်းဆင်း လက်မှတ်ရရှိနိုင်ရေးအတွက် အဆိုပါသင်တန်းအား ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ။

(ခ) ဝန်ကြီးဌာနက စီစဉ်ဖွင့်လှစ်ပေးမည်ဆိုပါက မည်သည့် ကာလတွင် အစောဆုံး စီစဉ်ဖွင့်လှစ်ပေးနိုင်မည်။

(ဂ) ဝန်ကြီးဌာနက မစီစဉ်၊ မဖွင့်လှစ်နိုင်ပါက အလုပ်အကိုင်ရရှိရေးအတွက် မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဟု မေးမြန်းထားပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၃။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ အဖွဲ့ဝင် ဦးထွန်းမြင့် ရဲ့ မေးခွန်းကို ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဟာ မြန်မာနိုင်ငံရဲ့ ရေကြောင်းဘက်ဆိုင်ရာ လေ့ကျင့်သင်ကြားမှုနဲ့ ပတ်သက်ပြီးတော့ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် IMO ရဲ့ (Standard of Training Certification and watchkeeping for seafarers ဆိုတဲ့ STCW convention ပါတဲ့ စံချိန်စံညွှန်းများနဲ့အညီ ရှိနေစေရေးအတွက် တာဝန်ယူ ဆောင်ရွက်ရတဲ့ ဌာနဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့အခါမှာ ရေကြောင်းဘက်ဆိုင်ရာ လေ့ကျင့်သင်ကြားတဲ့ သင်တန်းဌာနတွေကို လိုအပ်တဲ့ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့် ကြော်ငြာစာများ၊ လမ်းညွှန်ချက်များ ထုတ်ပြန်ပြီးတော့ အပြည်ပြည်ဆိုင်ရာ လေ့ကျင့်သင်ကြားမှု စံနှုန်းများနဲ့အညီ

ရှိနေစေရေးအတွက် ကြီးကြပ်ဆောင်ရွက်ပြီးတော့ သက်ဆိုင်ရာ ကျွမ်းကျင်မှု လက်မှတ်စာမေးပွဲများ ကျင်းပပြီး အပြည်ပြည်ဆိုင်ရာ စံနှုန်းများ ပြည့်မီတဲ့ ကျွမ်းကျင်မှု လက်မှတ်များ ထုတ်ပေးခြင်းကို ဆောင်ရွက်ရတဲ့ဌာန ဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်တဲ့အခါမှာ အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် MIO က ၂၀၁၀ ခုနှစ်မှာ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့မှာ ပြင်ဆင်ပြဋ္ဌာန်းခဲ့တဲ့ STCW convention ပါ စံချိန်စံညွှန်းများနှင့်အညီ ရှိနေစေရေးအတွက်လည်း ဆောင်ရွက်ရပါတယ်။ အရင်တုန်းက ကျွန်တော်တို့ အပြည်ပြည်ဆိုင်ရာသွား ပင်လယ်ကူးသင်္ဘောများမှာ လျှပ်စစ်အင်ဂျင်နီယာ တာဝန်ကို လျှပ်စစ်အင်ဂျင်နီယာ Fit လက်မှတ်နဲ့ တာဝန်ထမ်းဆောင်နိုင်ခဲ့ပေမယ့် ၂၀၁၀ မနီလာ ပြင်ဆင်ချက်မှာ ပါဝင်တဲ့ STCW convention Enforce ဖြစ်ပြီးတဲ့ နောက်မှာတော့ Electrotechnical Officer (ETO) ကျွမ်းကျင်မှု လက်မှတ် ကိုင်ဆောင်ထားမှသာ တာဝန်ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။

အဲဒီ လျှပ်စစ်နည်းပညာအရာရှိ ကျွမ်းကျင်မှုလက်မှတ် Electrotechnical Officer certificate of competency အတွက် လေ့ကျင့်သင်ကြားတဲ့ နေရာမှာ ETO Work Shop skill သင်တန်းကို သင်ကြားပေးရန် လိုအပ်တဲ့အတွက်ကြောင့်မို့လို့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ ရေကြောင်းအင်ဂျင်နီယာသင်တန်းများ ဖွင့်လှစ်ခွင့်ပြုထားတဲ့ သင်တန်းဌာနတွေကို IMO model Course ပါ သင်ရိုးညွှန်းတမ်း၊ သင်ထောက်ကူပစ္စည်း၊ အသုံးပြုသင်ကြားရမယ့်စာအုပ်၊ သင်ကြားမယ့်အချိန် စတာတွေနဲ့ ပတ်သက်ပြီးတော့ ချပြဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ပြီး၊ သင်တန်းဖွင့်လှစ်နိုင်ရေးအတွက်ကို တွန်းအားပေး ဆောင်ရွက်လျက်ရှိပါတယ်။

ဒီလိုသင်တန်းဌာနများအနေနဲ့ ဒီ ETO workshop skill သင်တန်း ဖွင့်လှစ် သင်ကြားပေးနိုင်ရန် သင်ကြားပေးမယ့် အတွေ့အကြုံရှိ အင်ဂျင်နီယာမှူး High Voltage သင်တန်းလက်မှတ်ရ လျှပ်စစ်အင်ဂျင်နီယာ၊ အီလက်ထရောနစ်အင်ဂျင်နီယာနဲ့ လက်မှတ်ရ ကွန်ပျူတာအင်ဂျင်နီယာ စတဲ့ အရည်အချင်းပြည့်မီတဲ့ နည်းပြဆရာများ ရရှိနိုင်ရန်ခက်ခဲခြင်း။ ကျွန်တော်တို့ သင်တန်းပို့ချတဲ့နေရာမှာလည်း သင်ထောက်ကူပစ္စည်းများရဲ့ တန်ဖိုးကြီးမားခြင်းများလည်း ရှိနေပါတယ်။ ကျွန်တော်တို့ သင်္ဘောမောင်းနှင်တဲ့ Propulsion Plant မှာ တပ်ဆင်ထားတဲ့ ခေတ်မီစက်ကိရိယာတွေရဲ့ Control စနစ်နဲ့ Control System တွေမှာ အသုံးပြုတဲ့ Electro Hydraulic နဲ့ Electro Pneumatic ဆိုင်တဲ့ ပစ္စည်းတွေ၊ နောက်ကျွန်တော်တို့ ခေတ်မီသင်္ဘောတွေမှာ အသုံးပြုတဲ့ Electrical Equipment တပ်ဆင်ထားတဲ့ စက်ကိရိယာများရဲ့ Electrical Electronic Automation System နဲ့ Instrumentation ဆိုင်ရာများ၊ နောက်တစ်ခါ သင်္ဘော ကုန်တင်ကုန်ချမှာ အသုံးပြုတဲ့ Cargo Gear နဲ့ ပြင်ဆင်တဲ့ ကိစ္စရပ်များ၊ နောက် ကျွန်တော်တို့ သင်္ဘောများမှာ အသုံးပြုတဲ့ ဗို့အား (1000) နဲ့အထက် High Voltage System ဆိုင်ရာကိစ္စများ၊ သင်္ဘောမှာ တပ်ဆင်ထားတဲ့ Hotel System သုံး ပစ္စည်းကိရိယာများ၊ Computer Networking အနေနဲ့ ကျွန်တော်တို့ Data processing၊ Construction of computer Network၊ Bridge Based၊ Engine Room Based Commercial Computer တွေ ပြုပြင် ထိန်းသိမ်းခြင်းဆိုင်ရာများ၊ ခေတ်မီပင်လယ်ကူး သင်္ဘောများရဲ့ Bridge မှာ တပ်ဆင်ထားတဲ့ ကျွန်တော်တို့ ရေကြောင်းလမ်းညွှန်ပစ္စည်းများဖြစ်တဲ့ ကျွန်တော်တို့ Radar ၊ Global Positioning Satellite ခေါ်တဲ့ ကျွန်တော်တို့ (GPS)၊ Gyro Compass၊ Speed

logs၊ Echo sounding၊ Auto Pilot၊ Voyage Data Recorder တွေ ပြုပြင်ထိန်းသိမ်းခြင်း၊ Internal Communication System များနဲ့ ကျွန်တော်တို့ Shore Based မှာ အသုံးပြုတဲ့ External Communication System ဆိုင်ရာ ဒါတွေက ကျွန်တော်တို့ သင်ထောက်ကူပစ္စည်းတွေ တန်ဖိုးကြီးမားတာဖြစ်နေတဲ့အတွက်ကြောင့်မိုလို့ သင်တန်းကို လွယ်လင့်တကူ ဖွင့်လှစ်နိုင်ဖို့အတွက် မရှိခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရသင်တန်းဌာနများအနေနဲ့ တန်ဖိုးကြီးမားတဲ့ သင်ထောက်ကူပစ္စည်းတွေ ဝယ်ယူတပ်ဆင်နိုင်ရေးအတွက် နိုင်ငံတော်ကနေ ဘတ်ဂျက်ခွင့်ပြုချက်ရမှသာ ဆောင်ရွက်နိုင်မှာ ဖြစ်ပေမယ့် ဝန်ထမ်းလစာနဲ့ ပြင်ပလစာ ကွာခြားချက် ကြီးမားခြင်းကြောင့် ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ရန် စိတ်ပါဝင်စားမှုနည်းပါးသဖြင့် အရည်အချင်းပြည့်မီတဲ့ သင်တန်းနည်းပြရရှိရေးမှာလည်း အခက်အခဲတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ခွင့်ပြုထားတဲ့ သင်တန်းဌာနတစ်ခုဖြစ်တဲ့ မြန်မာနိုင်ငံရေကြောင်း အင်ဂျင်နီယာအသင်း၊ သင်တန်းဌာနက ဒီ ETO Work Shop Skill သင်တန်းကို အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် ကြိုးပမ်း ပြင်ဆင် ဆောင်ရွက်လျက်ရှိတဲ့ နေရာမှာ သင်ထောက်ကူပစ္စည်းတွေနိုင်ငံခြားမှ အချိန်မီရောက်ရှိလာခြင်း မရှိသေးတဲ့အတွက် ဖွင့်လှစ်နိုင်ခြင်း မရှိသေးပါဘူး။

ဒီအပြင် သင်တန်းဌာန နောက်တစ်ခုဖြစ်တဲ့ Uniteam Marine Training Centre ကလည်း ဒီ ETO Work Shop Skill သင်တန်း ဖွင့်လှစ်နိုင်ဖို့အတွက် သင်ထောက်ကူပစ္စည်းဖြည့်ဆည်းဖို့ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ ဒါ ကျွန်တော်တို့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကလည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ရေကြောင်းလျှပ်စစ်နဲ့ အီလက်ထရောနစ်အထူးပြုဘာသာရပ်ဖြင့် အောင်မြင်ပြီးသူများ တက်ရောက်ရန်လိုအပ်တဲ့ Electrical Work Shop Skill Training သင်တန်း ဖွင့်လှစ်နိုင်ရေးအတွက်ကို လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းများ ဝယ်ယူဖြည့်ဆည်းသွားနိုင်ရေးအတွက် ခန့်မှန်းကုန်ကျစရိတ်က စုစုပေါင်းကျပ် (၅၈၀)သန်းလောက်ကုန်ကျမှာ ဖြစ်ပါတယ်။ အဲဒီငွေ ရရှိရေးအတွက်ကိုတော့ ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ဖြည့်စွက်ရန်ပုံငွေအဖြစ် ထည့်သွင်းတောင်းခံသွားရန် ပို့ဆောင်ရေးဝန်ကြီးဌာနအနေနဲ့ စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

ကျွန်တော်တို့ သင်တန်းဖွင့်လှစ်ဖို့ လိုအပ်တဲ့ ကုန်ကျစရိတ်ရမည်ဆိုပါက ဒီသင်တန်းကိုသင်တန်းကြေး အနည်းဆုံးနဲ့ ကျွန်တော်တို့ စီစဉ်ဖွင့်လှစ်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ Electrical Work Shop Skill Training ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်တဲ့ ကုန်ကျစရိတ်တွေကို အဆင့်ဆင့် တင်ပြတောင်းခံသွားမည်ဖြစ်သလို ကျွန်တော်တို့ သင်တန်းဖွင့်လှစ်ရန်လိုအပ်တဲ့ ကုန်ကျစရိတ်များ မရရှိသေးတဲ့ ကာလအတွင်းမှာလည်း ရေကြောင်းလျှပ်စစ်နဲ့ အီလက်ထရောနစ် အထူးပြုဘာသာရပ်များဖြင့် အောင်မြင်ပြီးသူများကို သူတို့ အလုပ်ခန့်ထားပေးမယ့်သင်္ဘောကုမ္ပဏီတွေနဲ ့ညှိနှိုင်းပြီးတော့ ပြည်ပမှာရှိတဲ့ Electrical Workshop Skill Training သင်တန်းကျောင်းများမှ သင်ကြားပေးနိုင်ရေး အတွက်ကိုလည်း ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု

ဦးစီးဌာနမှ လိုအပ်တဲ့ အထောက်အထား အချက်အလက်တွေ တင်ပြသွားနိုင်ရေးနဲ့ အသိအမှတ်ပြု လက်မှတ်ရရှိရေး တို့ကိုလည်း ဆောင်ရွက်သွားဖို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူတို့ရဲ့ တိုင်ကြားစာဆိုင်ရာကော်မတီအဖွဲ့ဝင် ဦးထွန်းမြင့် ရဲ့ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ရေကြောင်းလျှပ်စစ်နဲ့ အီလက်ထရောနစ် ကျောင်းသူ/ ကျောင်းသား များ သင်္ဘောတက်ရောက်နိုင်ရေးအတွက် Electrical Work Shop Skill Training သင်တန်း အမြန်ဆုံးဖွင့်လှစ်ရန် အစီအစဉ် ရှိမရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အနေနဲ့တော့ သင်ထောက်ကူ ပစ္စည်းဝယ်ယူ ဖြည့်တင်းနိုင်ဖို့အတွက် ခန့်မှန်းကုန်ကျငွေ ကျပ် (၅၈၀)သန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ဖြည့်စွက်ရန်ပုံငွေမှာ တင်ပြတောင်းခံသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခွင့်ပြုငွေ ရရှိရင်တော့ Electrical Work Shop Skill Training သင်တန်းကို ဒီ မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်မှာ ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်။

ကျန်တဲ့အစီအစဉ်တွေကတော့ ခုန ကျွန်တော်တင်ပြသွားတဲ့အတိုင်း ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးရာထူးမှ ထုတ်ပယ်ခြင်း ခံခဲ့ရသည့် ဦးစောသိန်းမောင်က မူလရာထူးကို ပြန်လည် ခန့်ထားပေးနိုင်ပါရန် အသနား ခံ လျှောက်ထားလာခြင်းကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမှတ်ကြီး (အတွင်းရေးမှူး၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ) က ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးရာထူးမှ ထုတ်ပယ်ခြင်းခံခဲ့ရသည့် ဦးစောသိန်းမောင် က မူလရာထူးကို ပြန်လည်ခန့်ထားပေးနိုင်ပါရန် အသနားခံ လျှောက်ထားလာခြင်းကိစ္စနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးမှတ်ကြီး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါ တယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး ဖြစ်ပြီးတော့၊ အတွင်းရေးမှူး၊ ပြည်သူတို့ရဲ့ တိုင်ကြားစာဆိုင်ရာကော်မတီ ဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်ပေးချက်အရ ကျွန်တော် ဒီ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ် ပါတယ်။

ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒုတိယဦးစီးမှူး ရာထူးမှ ထုတ်ပယ်ခြင်း ခံခဲ့ရတဲ့ ဦးစောသိန်းမောင် က မူလရာထူးကို ပြန်လည်ခန့်ထားပေးနိုင်ပါရန်

အသနားခံ လျှောက်ထားခြင်းကိစ္စနဲ့ ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ကျွန်တော် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ဦးစောသိန်းမောင် (၁၁/ပဏတ(နိုင်)၀၂၃၅၆၄)က ရွာဟောင်း ရပ်ကွက်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ရခိုင်ပြည်နယ်က နေပြီးတော့ အောက်ပါအတိုင်း ကျွန်တော်တို့ ကော်မတီ ကို တင်ပြလာပါတယ်။

တင်ပြသူဟာ ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာ ပုဏ္ဏားကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှာ စာရေးအဆင့် (၁)တာဝန်ကို ထမ်းဆောင်ခဲ့ပြီးတော့ ၁-၁-၂၀၀၂ ရက်နေ့တွင် ဒုတိယဦးစီးမှူး ရာထူးခန့်ထားခြင်း ခံခဲ့ရပါကြောင်း၊ နောက် ဒုတိယဦးစီး အဖြစ်နဲ့ ရခိုင် ပြည်နယ်ရုံး၊ မင်းပြားမြို့နယ်ရုံး၊ မာန်အောင်မြို့နယ်ရုံးတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ အမ်းမြို့နယ်ရုံးနဲ့ တောင်ကုတ်မြို့နယ်ရုံးတို့တွင်လည်း မြို့နယ်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး အဖြစ်နဲ့ တာဝန်ထမ်းဆောင်ခဲ့ပါကြောင်း၊ ဒီလိုတာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်းမှာ မိမိဌာနရဲ့ လုပ်ငန်းတာဝန်နဲ့ အထက်အဆင့်ဆင့်ရဲ့ အမိန့်၊ ညွှန်ကြားချက်များကို လုပ်ငန်းအောင်မြင်သည်အထိ တိကျစွာ လိုက်နာဆောင်ရွက်ခဲ့ပါကြောင်း၊ ၁-၁၀-၁၉၉၂ ရက်နေ့မှ ၄-၁၀-၂၀၁၀ ရက်နေ့အထိ တာဝန်ထမ်းဆောင်စဉ် ကာလတစ်လျှောက် မည်သည့်ပြစ်မှုကိုမျှ ကျူးလွန်ခဲ့ခြင်း မရှိပါကြောင်း၊ ၎င်း သည် မာန်အောင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဒုတိယဦးစီးမှူး တာဝန်ထမ်းဆောင်နေ စဉ် နိုင်ငံတော်ရဲ့ လိုအပ်ချက်အရ ၂၀၁၀ ပြည့်နှစ်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကိစ္စရပ်များ ဆောင်ရွက်ရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ၆-၅-၂၀၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၇/၂၀၁၀ ဖြင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ၏ အတွင်းရေးမှူးအဖြစ်နဲ့ တာဝန်ပေးအပ်ခံခဲ့ရပါကြောင်း၊ ထိုသို့ လုပ်ငန်းတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နေစဉ် ၎င်းကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၄-၁၁-၂၀၁၀ ရက်စွဲပါစာအမှတ် ပမရ/ပ/ ခွင် ၆၁၃၊ ရေး ၁ ဖြင့် ဝန်ထမ်းအဖြစ်မှ တာဝန်ထမ်းဆောင်ရန် မသင့်တော် သဖြင့် ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်လိုက်ကြောင်းကို မမျှော်လင့်ဘဲ သိရှိရပါကြောင်း၊ ၎င်း၏ဝန်ထမ်း သက်တမ်းတစ်လျှောက် မည်သည့်ပြစ်မှုမှ ကျူးလွန်ခဲ့ခြင်းမရှိဘဲနဲ့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင် ခဲ့ကြောင်း၊ ယင်းကဲ့သို့ ထုတ်ပယ်ရာတွင်လည်း မည်သည့်အတွက် ထုတ်ပယ်ခဲ့ရသည်ကို မသိရကြောင်း၊ ဌာနဆိုင်ရာ ပြစ်မှုတစ်မျိုးမျိုးဖြင့် စုံစမ်းစစ်ဆေး တစ်စုံတရာ အရေးယူခံရခြင်း မရှိဘဲနဲ့ မည်သည့်ပြစ်မှုဟု ဖော်ပြခြင်းမရှိဘဲ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခံရသဖြင့် များစွာနစ်နာရပါကြောင်း၊ မိခင်ဝန်ကြီးဌာနသို့ အသနားခံလွှာ တင်ပြခဲ့သော်လည်း (၃)နှစ်ကျော် ကြာသည့်အထိ ယခုအချိန်အထိ ထူးခြားမလာခဲ့ ပါကြောင်း၊သို့ဖြစ်၍ ဝန်ထမ်းတစ်လျှောက် ကြိုးစားခဲ့သော ပြစ်မှုများ ကျူးလွန်ခြင်းမရှိသော ၎င်းအား စုံစမ်းစစ်ဆေး၍ အဖြစ်မှန်ကို ဖော်ထုတ်၍ အပြစ်ရှိပါက ဝန်ထမ်းစည်းမျဉ်းနဲ့အညီ ထိုက်တန်သော အပြစ်ဒဏ်ကို ပေးအပ်ပြီး၊ အပြစ်မရှိပါကလည်း ၎င်းအား ဝန်ထမ်းစည်းမျဉ်းနဲ့အညီ မူလနဂိုရာထူး ရလို ပါကြောင်း အသနားခံတင်ပြခြင်း ဖြစ်ပါတယ်။

ဒီ သူရဲ့ အသနားခံတင်ပြလာခြင်းနဲ့ ပတ်သက်ပြီးတော့ ပြည်သူတို့ရဲ့ တိုင်ကြားစာဆိုင်ရာ ကော်မတီအနေဖြင့် အောက်ပါအတိုင်း စစ်ဆေးတွေ့ရှိရပါတယ်။ (က) တင်ပြသူ ဦးစောသိန်းမောင် ရဲ့ အသနားခံစာအရ မည်သည့်ပြစ်မှုကြောင့်ဟု မသိရဘဲ တာဝန်မှ ထုတ်ပယ်ခြင်းသည် များစွာနစ်နာနေ ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။ (ခ) အသနားခံစာမှာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတာဝန် ထမ်းဆောင်နေ

စဉ်ကာလအတွင်း အမှားအယွင်း တစ်စုံတစ်ရာ မရှိခဲ့ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၏ ထောက်ခံချက်၊ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် ပြည်ခိုင်ဖြိုးလွှတ်တော်ကိုယ်စားလှယ်များရဲ့ ထောက်ခံချက်၊ ရှုံးနိမ့်သူ တစည ပါတီ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ထောက်ခံချက်များဖြင့် ပူးတွဲတင်ပြထား ကြောင်းကို သိရှိရပါတယ်။ သို့သော်လည်းပဲ ၎င်းကို ထုတ်ပယ်တဲ့စာကို အသနားခံစာတွင် ပူးတွဲတင်ပြထားခြင်း မရှိတဲ့အတွက် ဘာကြောင့် ထုတ်ပယ်ခံရတယ်ဆိုတာကိုတော့ဖြင့် ကော်မတီက နေပြီးတော့ မသိရှိရပါဘူး။

သို့ပါ၍ အသနားခံတင်ပြသူ ဦးစောသိန်းမောင် ရဲ့ အသနားခံစာ တင်ပြချက်အရ နိုင်ငံ့ဝန်ထမ်းများ နစ်နာမှုမရှိစေရေးအတွက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် အောက်ပါ မေးခွန်းများကို မေးမြန်းအပ်ပါတယ်။ (က) အသနားခံတင်ပြသူ ဦးစောသိန်းမောင် အား မည်သည့် အပြစ်ရှိ၍ ရာထူးမှ ထုတ်ပယ်ခဲ့သည်။ (ခ) ရာထူးတာဝန်မှ ထုတ်ပယ်ရာတွင် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းနှင့် အညီ P.E၊ D.E ဖွဲ့၍ စစ်ဆေးခဲ့ခြင်း ရှိ၊ မရှိ (ဂ) အမှန်တကယ် အပြစ် ရှိ၊ မရှိနှင့် အပြစ်ရှိပါက ဝန်ထမ်းစည်းမျဉ်းနှင့်အညီ ထိုက်သင့်သော ပြစ်ဒဏ်ချမှတ်ထားခြင်း ဟုတ်၊ မဟုတ် (ဃ) အပြစ်မရှိပါက ၎င်းအား နဂိုမူလရာထူးကို ပြန်လည်ခန့်ထားပေးနိုင်ခြင်း ရှိ၊ မရှိကို ဦးစောသိန်းမောင် ကိုယ်စား ကျွန်တော်တို့ တိုင်ကြားစာဆိုင်ရာ ကော်မတီကတစ်ဆင့် မေးခွန်းများကို မေးမြန်းအပ်ပါ တယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ယခု မန္တလေးတိုင်းဒေသကြီး အမှတ်(၉) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး (အတွင်းရေးမှူး၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ)မေးခွန်းနဲ့ စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

မန္တလေးတိုင်းဒေသကြီး အမှတ်(၉) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမှတ်ကြီး ရဲ့ မေးခွန်းနဲ့စပ်လျဉ်းလို့ ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးစောသိန်းမောင် ဟာ မာန်အောင်မြို့နယ်၊ ကော်မရှင်အဖွဲ့ခွဲမှ အတွင်းရေးမှူး တာဝန်ထမ်းဆောင်စဉ် ၂၀၁၀ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့က မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်တဲ့ ရပ်ကွက်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ မြို့မိမြို့ဖများနဲ့တွေ့ဆုံတဲ့ အစည်းအဝေးမှာ

ဦးစောသိန်းမောင် က တာဝန်ရှိ ဝန်ထမ်းတစ်ဦး ဖြစ်ပေမယ့်လည်း ရွေးကောက်ပွဲ ပျက်စီးစေရေး အတွက် မဲမပေးရန်ပြောကြားခဲ့ကြောင်း၊ ဖြစ်စဉ်နဲ့စပ်လျဉ်း၍ ၂၀၁၀ ခုနှစ် အောက်တိုဘာ ၂၈ ရက်နေ့မှာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးက အမှတ်(၅) စစ်ဆင်ရေး အထူးအဖွဲ့မှူးနဲ့အတူ မာန်အောင်မြို့သို့ ရောက်ရှိစဉ်မှာ မြို့မိမြို့ဖများက တိုင်ကြားခဲ့တဲ့အတွက် လိုအပ်သလို ထိရောက်စွာ အပြစ်ပေး အရေးယူဆောင်ရွက်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးထံ မေတ္တာရပ်ခံ ညှိနှိုင်း အကြောင်းကြားခဲ့ပါတယ်။

အဲဒီအချိန်က ဝန်ထမ်းများအား လျင်မြန်ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်မနေဘဲ ၎င်းတို့လုပ်ဆောင်ခဲ့သည့် အတိုင်းအတာအရ သတိပေးခြင်း၊ အငြိမ်းစားပေးခြင်း၊ ထုတ်ပယ်သင့်သူများကို ထုတ်ပယ်ခြင်းတို့ ဆောင်ရွက်သွားရန် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံးရဲ့ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၃၀ ရက်စွဲပါ စာအမှတ် ၀၁/နဝတ/မညာ-၁ နဲ့ ညွှန်ကြားချက်အရ လိုက်နာဆောင်ရွက်ခဲ့ပါတယ်။ သို့ဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲအောင်မြင်ရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်နေချိန်မှာ ဦးစောသိန်းမောင် က ရွေးကောက်ပွဲအပေါ် လူထုမှအထင်လွဲမှားစေရန် ပြောကြားခြင်းဖြစ်လို့ လက်ရှိရာထူးတာဝန်မှာ ဆက်လက်တာဝန် ပေးအပ်ရန် မသင့်တော်တဲ့အတွက် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ခြင်း မရှိဘဲ စီမံခန့်ခွဲရေးနည်းလမ်းအရ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့မှာ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ် (Dismiss) ပြုလုပ်ခဲ့ခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရက ပါတီစုံဒီမိုကရေစီစနစ်သို့ ဦးတည်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိတဲ့ ရွေးကောက်ပွဲကို ပျက်စီးစေရေးအတွက် မဲမပေးရန် ပြောကြားခဲ့တဲ့ ဦးစောသိန်းမောင် အား စီမံခန့်ခွဲရေးနည်းလမ်းအရ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခဲ့ခြင်း ဖြစ်တဲ့အတွက် ၎င်းအား ရာထူးပြန်လည်ခန့်ထားပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဖော့စဖိတ်ဓာတ်မြေဩဇာနှင့် ပိုတက်ဆီယမ် ဓာတ်မြေဩဇာများ ထုတ်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က ဖော့စဖိတ်ဓာတ်မြေဩဇာနှင့် ပိုတက်ဆီယမ်ဓာတ်မြေဩဇာများ ထုတ်လုပ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး အမှူးရှိတဲ့ ဒုတိယဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ ဆုတောင်းမေတ္တာပို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖော့စဖိတ်ဓာတ်မြေဩဇာနဲ့ ပိုတက်ဆီယမ်

ဓာတ်မြေသြဇာများ ထုတ်လုပ်ပေးနိုင်ခြင်း ရှိ/မရှိကို သိလိုတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၇၇ ခုနှစ်ကနေစပြီးတော့ တောင်သူလယ်သမားများအနေနဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေကို လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ ဓာတ်မြေသြဇာတွေကို စတင်ပြီးတော့ အသုံးပြုမှု များလာပါတယ်။ အသုံးပြုမှုမှာ မြေအမျိုးအစား အထွက်နှုန်း အပင်ကြီးထွားနှုန်းပေါ် မှာ မူတည်ပြီးတော့ အသုံးပြုကြတာ ဖြစ်ပါတယ်။ စိုက်ပျိုးမြေ ၁ ဧကကို ဓာတ်မြေသြဇာ (၁) အိတ်က (၃) အိတ် ထိ အသုံးပြုကြောင်းလည်း သိရှိရပါတယ်။ ဓာတ်မြေသြဇာ အမျိုးအစား (၃) မျိုး ရှိပါတယ်။ ဒါတွေကတော့ ပုလဲလို့ ခေါ်တဲ့ ယူရီးယားဓာတ်မြေသြဇာ၊ ဖော့စဖိတ်နဲ့ ပိုတက်ဆီယမ်ဓာတ်မြေသြဇာများကို အချိုးညီမျှစွာ အသုံးပြုဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

သို့သော်လည်း အပင်ကြီးထွားနှုန်းမြန်တဲ့ ယူရီးယားဓာတ်မြေသြဇာ တစ်မျိုးတည်းကိုသာ အသုံးပြုနေတဲ့အတွက်ကြောင့် စိုက်ပျိုးရေးမှာ အောင်မြင်သင့်သလောက် မအောင်မြင်တာကိုလည်း တွေ့ရှိရပါတယ်။ အသီးအနှံ ကြီးထွားဖို့အတွက် အသီးအပွင့်အတွက်တော့ ဖော့စဖိတ်ဓာတ်မြေသြဇာက အားပေးပြီးတော့ အပင်တွေ ပျောက်ကွယ်ခြင်း ပင်စည်မနိုင်ခြင်းများအတွက်ကတော့ ပိုတက်ဆီယမ်ဓာတ်မြေသြဇာကို အသုံးပြုရမှာ ဖြစ်ပါတယ်။ သို့သော်လည်း ယင်းဓာတ်မြေသြဇာ နှစ်မျိုးလုံး အသုံးပြုမှု နည်းပါးခြင်းကတော့ ဈေးနှုန်းအတန်ငယ် ကြီးမြင့်နေခြင်းကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ နိုင်ငံပိုင် ဓာတ်မြေသြဇာစက်ရုံ (၅) ရုံ ရှိပေမယ့်လည်း ယူရီးယားဓာတ်မြေသြဇာ တစ်မျိုးတည်းကိုသာ ထုတ်လုပ်ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ တန်ချိန် (၁၀၉၆၉၂.၃၀) တန်ကို ထုတ်လုပ်ခဲ့ပြီး လိုအပ်တဲ့ တန်ချိန်ပြည့်မီစေရန် နယ်စပ်နှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှ ဓာတ်မြေသြဇာ တန်ချိန် (၆) သိန်းခန့်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဓာတ်မြေသြဇာ တန်ချိန် (၆) သိန်းခန့်ကို စီးပွားရောင်းဝယ်ရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တင်သွင်းခွင့်ပြုခဲ့ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ မြေအများစုဟာ စပါးပြီး စပါး စိုက်ပျိုးခြင်း၊ ယူရီးယား ပြီး ယူရီးယားထည့်ခြင်းတို့အတွက် အောက်မြန်မာပြည်မှာ လယ်ယာမြေ အများစုဟာ အချဉ်ဓာတ်ပေါက်နေပါတယ်။ ဒီမြေသြဇာကိုပဲ ဆက်တိုက်သုံးစွဲမယ်ဆိုရင် မြေဆီလွှာတွေ ပျက်စီးသွားနိုင်ပါတယ်။ ဒါကြောင့် ဖော့စဖိတ်ဓာတ်မြေသြဇာနဲ့ ပိုတက်ဆီယမ်ဓာတ်မြေသြဇာများ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် တောင်သူလယ်သမားများအတွက် စီမံထုတ်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုသည့်အတွက် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၂။**

**ဦးအောင်ထူး (ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်များ

အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်(၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစောမော်ထွန်းမှ ဖော့စဖိတ်ဓာတ်မြေဩဇာနှင့် ပိုတက်ဆီယမ်ဓာတ်မြေဩဇာများ ထုတ်လုပ် ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး မှ ဖြေရှင်းတင်ပြအပ်ပါတယ်။ စွမ်းအင်ဝန်ကြီးဌာနဟာ မြန်မာနိုင်ငံမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရေး တာဝန်ကို ယူထားတဲ့ ဝန်ကြီးဌာနတစ်ခု ဖြစ်ပါတယ်။ အဲဒီတော့ သဘာဝဓာတ်ငွေ့ကို ဒီနေရာမှာ ကျွန်တော်တို့ ဒီအတိုင်း Raw အဖြစ် ရောင်းချတာထက် Value Added ပစ္စည်းအဖြစ် ကျွန်တော်တို့က ပြောင်းလဲပြီး ထုတ်လုပ်ရောင်းချတဲ့အခါကျရင် အမြတ်အစွန်းလည်း ပိုရတယ်။ ဝန်ထမ်းတွေလည်း ပိုခန့်နိုင်တယ်ဆိုတဲ့ ခံယူချက်နဲ့ သဘာဝဓာတ်ငွေ့ကို အခြေခံတဲ့ ယူရီးယား ဓာတ်မြေဩဇာကို ထုတ်လုပ်ဖြန့်ဖြူးပေးရခြင်း ဖြစ်ပါတယ်။

စွမ်းအင်ဝန်ကြီးဌာနအောက်မှာရှိတဲ့ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် သဘာဝ ဓာတ်ငွေ့ကို ကုန်ကြမ်းအဖြစ် ထုတ်လုပ်ပြီးတော့ Nitrogen (၄၆) ရာခိုင်နှုန်း ပါဝင်တဲ့ ယူရီးယား ဓာတ်မြေဩဇာကို ဓာတ်မြေဩဇာစက်ရုံ(၅)ခု ကနေပြီးတော့ ထုတ်လုပ်ပေးပါတယ်။ အမှတ်(၁) ဓာတ်မြေဩဇာစက်ရုံ (စလေ)၊ အမှတ်(၂) ဓာတ်မြေဩဇာစက်ရုံ (ကျွန်းချောင်း)၊ အမှတ်(၃) ဓာတ်မြေဩဇာစက်ရုံ (ကျော်စွာ)၊ အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ) နှင့် အမှတ်(၅) ဓာတ်မြေဩဇာစက်ရုံ (ကန်ကြီးထောင့်) တို့ ဖြစ်ကြပါတယ်။

သီးနှံပင်တွေအတွက် အဓိက လိုအပ်တဲ့ အဟာရကတော့ ခုန မေးခွန်းမှာလည်း ပါပြီးသားပါ။ Nitrogen ရယ်၊ Phosphorus ရယ်၊ Potassium သုံးမျိုးဖြစ်ပါတယ်။ အဲဒီတော့ NPK ဆိုတဲ့ သုံးမျိုးပေါင်းထားတဲ့ ဓာတ်မြေဩဇာက နိုက်ထရိုဂျင် Phosphorus နှင့် Potassium ပါတဲ့ ဓာတ်မြေဩဇာ အသီးသီးကို သီးနှံအမျိုးအစားအလိုက် တွက်ချက်၍ အချိုးကျ ရောနှောပြီးတော့ ထုတ်ထားတဲ့ ကွန်ပေါင်းဓာတ်မြေဩဇာ ဖြစ်ပါတယ်။ နိုက်ထရိုဂျင်ဟာ မြန်မာနိုင်ငံတွင်းမှာ ထွက်တဲ့ သဘာဝဓာတ်ငွေ့ကို ကုန်ကြမ်းအဖြစ် အသုံးပြုပြီး ထုတ်လုပ်တဲ့ ယူရီးယားမှာ ပါဝင်တာ ဖြစ်ပါတယ်။ Phosphorus ကတော့ Rock Phosphate ဆိုတဲ့ တွင်းထွက်ပစ္စည်းကနေ ထုတ်ယူရပါတယ်။ ဒီ Rock Phosphate ကျောက်အမျိုးအစားကတော့ မြန်မာပြည်မှာ မထွက်ရှိပါဘူး။ တရုတ်၊ ပါကစ္စတန်နဲ့ အင်ဒိုနီးရှားနိုင်ငံတို့က နေပြီးတော့ ဝယ်ယူရရှိနိုင်ပါတယ်။ Potassium ထုတ်လုပ်ရေးအတွက်ကတော့ ကုန်ကြမ်းဖြစ်တဲ့ Potash ဆိုတဲ့ ဆားပေါ့။ ဒီဆားကိုတော့ ဆားငန်ဓာတ်အလွန်များပြားတဲ့ ပင်လယ်ရေနဲ့ ဆားငန်ဓာတ်အလွန်များပြားတဲ့ ကုန်တွင်း ရေကန်ကြီးတွေရှိတဲ့ ကနေဒါ၊ ရုရှား၊ ဘဲလ်လာရုစ်၊ ဂျာမနီ၊ အစ္စရေး၊ ဂျော်ဒန်၊ အမေရိကန်၊ ဘရာဇီးလ်၊ စပိန် စတဲ့နိုင်ငံများကနေ အများဆုံးထုတ်လုပ်ပြီးတော့ ပြည်တွင်းမှာ ထုတ်လုပ်နိုင်ခြင်း မရှိပါဘူး။

အဲဒီတော့ ခုန ကျွန်တော် တင်ပြသွားတဲ့ NPK ကွန်ပေါင်းဓာတ်မြေဩဇာမှာ Nitrogen ပါတဲ့ ယူရီးယားဓာတ်မြေဩဇာ၊ Phosphorus ပါတဲ့ ဖော့စဖိတ်ဓာတ်မြေဩဇာ၊ Potassium ပါတဲ့ Potash ဓာတ်မြေဩဇာ တစ်ခုစီကို Drying၊ Screening၊ Cooling နည်းစဥ်များဖြင့် ပေါင်းစပ်

ပြီးတော့မှ ထုတ်လုပ်ရတဲ့ ကွန်ပေါင်းဓာတ်မြေသြဇာ တစ်ခု ဖြစ်ပါတယ်။ အဲဒီ Nitrogen Potassium နဲ့ Phosphorus ပါဝင်တဲ့ ဓာတ်မြေသြဇာ အသီးသီးတို့ရဲ့ ထုတ်လုပ်မှုနည်းစဉ်များကတော့ ကုန်ကြမ်း ပစ္စည်းအမျိုးအစား၊ စက်ရုံရင်းနှီးမြှုပ်နှံမှုတန်ဖိုး (Investment Cost)၊ စွမ်းအင်သုံးစွဲမှု (Energy Consumption)၊ စီးပွားရေးအကျိုးသက်ရောက်မှု (Economic Impact) နဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် စွန့်ပစ်ပစ္စည်းများကို သန့်စင်ပေးတဲ့လုပ်ငန်းများပေါ် မူတည်ပြီးတော့ ကွဲပြား ခြားနားပါတယ်။

စွမ်းအင်ဝန်ကြီးဌာနအနေနဲ့ မိမိထုတ်ကုန်ဖြစ်တဲ့ သဘာဝဓာတ်ငွေ့ကို အခြေခံတဲ့ Nitrogen (၄၆) ရာခိုင်နှုန်းပါဝင်တဲ့ ယူရီးယား ဓာတ်မြေသြဇာကိုပဲ ထုတ်လုပ်ပြီးတော့ Phosphorus ဓာတ်မြေသြဇာနဲ့ Potassium ဓာတ်မြေသြဇာတို့ကို ထုတ်လုပ်ရန် နည်းစဉ်များလည်း မရှိပါဘူး။ Nitrogen ကလွဲပြီး ကျန် အဓိက ကုန်ကြမ်းများဖြစ်တဲ့ Phosphorus နဲ့ Potash တို့ကို နိုင်ငံခြား မှာလည်း ဝယ်ယူတင်သွင်းရမှာ ဖြစ်ခြင်း၊ သီးခြားစက်ရုံအဖြစ် တည်ဆောက်ရန် လိုအပ်ခြင်းတို့ကြောင့် လောလောဆယ်တော့ NPK ကွန်ပေါင်းဓာတ်မြေသြဇာကို လည်းကောင်း၊ Phosphorus ဓာတ်မြေသြဇာ ကိုလည်းကောင်း၊ Potassium ဓာတ်မြေသြဇာကိုလည်းကောင်း စီမံထုတ်လုပ်ပေးနိုင်ခြင်း မရှိသေး ပါကြောင်း တင်ပြအပ်ပါတယ်။

ဒါပေမဲ့ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနမှာ ဦးဆောင်ဖွဲ့စည်းထားတဲ့ ဓာတ်မြေသြဇာကော်မတီ ဆိုတာက ရှိပါတယ်။ သူကနေပြီးတော့ ဓာတ်မြေသြဇာ တင်သွင်းတာပဲ ဖြစ်ဖြစ်၊ ထုတ်လုပ်တာပဲဖြစ်ဖြစ် မှတ်ပုံတင်များ ထုတ်ပေးထားတာ ရှိပါတယ်။ အဲဒီအဖွဲ့ကနေပြီးတော့ မှတ်ပုံတင်ထားတဲ့ အဖွဲ့အစည်းတွေအနေနဲ့ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ခွင့်ပြုချက်နဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ယူရီးယားဓာတ်မြေသြဇာ၊ Phosphorus ဓာတ်မြေ သြဇာ၊ Potassium ဓာတ်မြေသြဇာ NPK ကွန်ပေါင်းဓာတ်မြေသြဇာ စုစုပေါင်းတန်ချိန် (၁.၁) သန်းခန့် ကိုလည်း တင်သွင်းရောင်းချ အသုံးပြုခဲ့ကြောင်းကိုလည်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တိုက်ကြီးမြို့နယ်အတွင်းရှိ သရက်ချောင်း အုပ်စု၊ အထရောင်အုပ်စု၊ ဆင်ခြံအုပ်စုများတွင် နွေစပါးများ စိုက်ပျိုးနိုင်ရန်အတွက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန်နှင့် မြစ်ရေတင် စီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ လယ်သမားများအကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးဆွေအောင် က တိုက်ကြီးမြို့နယ်အတွင်းရှိ သရက်ချောင်းအုပ်စု၊ အထရောင်အုပ်စု၊ ဆင်ခြံအုပ်စုများတွင် နွေစပါးများ စိုက်ပျိုးနိုင်ရန်အတွက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန်နှင့် မြစ်ရေ တင်စီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ လယ်သမားများ အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃၇။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး စိတ်၏ ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဦးစွာ ပဏာမ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုက်ကြီးမြို့နယ်အတွင်းရှိ သရက်ချောင်းအုပ်စု၊ အထရောင်အုပ်စု၊ ဆင်ခြံအုပ်စုများတွင် နွေစပါးများ စိုက်ပျိုးနိုင်ရန်အတွက် လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပေးပါရန်နှင့် မြစ်ရေတင်စီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ လယ်သမားများ အကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ကျွန်တော် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော် လွှတ်တော် ရပ်နားချိန် မေလအတွင်းမှာ ကွင်းဆင်းခဲ့စဉ်က တိုက်ကြီးမြို့နယ် အထရောင်အုပ်စု၊ သရက်ချောင်းအုပ်စု၊ တောင်ရပ်ဇီးကုန်း၊ ဆင်ခြံအုပ်စု၊ ဖိုးခေါင်ကျေးရွာအုပ်စု၊ ကံကလေးကျေးရွာအုပ်စုအတွင်းရှိ ရပ်မိရပ်ဖများ၊ လယ်သမားမိသားစုများနှင့် တွေ့ဆုံခဲ့စဉ် အောက်ဖော်ပြပါ အကြောင်းအရာများ လယ်သမားမိသားစုများ ခံစားနေရကြောင်း ကြားသိရသည့် အတွက် လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုအစိုးရ အဖွဲ့ထံ ကြယ်ပွင့်ပြ မေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။

တိုက်ကြီးမြို့နယ်အတွင်း ရပ်ကွက် (၂၀)၊ ကျေးရွာအုပ်စု (၇၄) အုပ်စု စုစုပေါင်း (၉၄) အုပ်စု၊ ကျေးရွာခွဲပေါင်း (၄၆၅) ရွာ၊ လယ်သမားပေါင်း (၁၂၅၂၆) ဦးမှ လယ်ဧက အမှန်စိုက်ဧက ရေတော်မိုးတော် (၇၃၇၅၁) ဧက စိုက်ပျိုးလျက်ရှိပြီး ရေကျနောက်စိုက် သဲဆန်ကုန်းမြေ စိုက်ဧက (၄၁၄၉၄) စုစုပေါင်း အမှန်စိုက်ဧက (၁၂၅၂၄၅) ဧက စိုက်ပျိုးလျက်ရှိနေပြီး မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးနိုင်ရန်အတွက် ယခင်အစိုးရလက်ထက် တိုက်ကြီးမြို့နယ် လှိုင်မြစ်၏ အရှေ့/ အနောက်ခြမ်းများတွင် မြစ်ရေတင်စီမံကိန်းများကို ၂၀၀၀ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ တိုက်ကြီး မြို့နယ်အတွင်း အိုင်ကလောင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ သပြေတန်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ အလယ်ဘုတ် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ဇီးကုန်းလျှပ်စစ်မြစ်ရေတင် စီမံကိန်း (၄)ခု ဆောင်ရွက်ခဲ့ရာ နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား အကုန်အကျခံခဲ့ကြောင်း သိရှိခဲ့ရပါတယ်။

ယခုအခါ မြို့နယ်အတွင်းရှိ မြစ်ရေတင်စီမံကိန်းများ ဆောင်ရွက်တဲ့အခါ ဒေသခံများ အတွက် မိုးစပါးများ အားထားနေခြင်းမှ နွေစပါးကိုလည်း မြစ်ထဲမှ တစ်နိုင်တစ်ပိုင် စက်ဆီ အကုန်အကျခံ၍ လုပ်ကိုင်ဆောင်ရွက်နေရသည်မှာ ဈေးနှုန်းသက်သာစွာဖြင့် လျှပ်စစ်မြစ်ရေတင်ရရှိမှု စတင်ပြုလုပ်ခဲ့စဉ်က ဝမ်းပန်းတသာ လက်ကမ်းကြိုဆိုခဲ့ကြပြီး မိမိတို့ ပိုင်ဆိုင်ခဲ့သော လယ်ယာမြေများ ကို တူးမြောင်းကြီး တူးမြောင်းငယ် အသွယ်သွယ် ဖောက်လုပ်ခဲ့ခြင်းကိုလည်း ဝမ်းပန်းတသာ လက်ခံခြင်းဖြင့် လယ်သမားအားလုံး စီမံကိန်းလုပ်ငန်းအား ဝိုင်းဝန်းအကောင်အထည် ဖော်ခဲ့ပြီး နွေစပါး စတင်စိုက်ပျိုးခဲ့ရာ စီမံကိန်းစိုက်ဧက၊ အမှန်ဆောင်ရွက်နိုင်မှု ရရှိသလို လယ်သမားများ ဘက်မှလည်း စပါးဈေးမကောင်းသည့်အတွက် ထုတ်လုပ်မှုကုန်ကျစရိတ်နဲ့ မကာမိသည့်အတွက် စိုက်ဧကများ တဖြည်းဖြည်း လျော့ကျလာသလို တချို့မြစ်ရေတင်လုပ်ငန်းများ စတင်ပြုလုပ်စဉ်က ဒေသခံများ၏ အခြေအနေ၊ ဒေသ၏ မြေပုံအညွှန်းများ မှားယွင်းစွာ တည်ဆောက် ဖော်လုပ်ခဲ့မှုကြောင့်

ရေလုံး၀ မရောက်လို့ လယ်မြေများစွာ ပျက်စီးသွားပြီး နွေစပါး လုံး၀မစိုက်ခဲ့ရသော ဒေသကျေးရွာများလည်းရှိကြောင်း ဒေသခံများနှင့် ကွင်းဆင်းခဲ့စဉ်က ကြားသိခဲ့ရပါတယ်။

တိုက်ကြီးမြို့နယ်အတွင်း ရပ်ကွက်ကျေးရွာ (၉၄)အုပ်စုရှိပြီး လယ်ယာလုပ်ငန်းနှင့်အသက်မွေးဝမ်းကျောင်းပြုသူ (၇၅) ရာခိုင်နှုန်းခန့်ရှိသည့်အတွက် မြစ်ရေတင်စီမံကိန်း စတင်လုပ်ဆောင်ခဲ့မှုများအား ပြန်လည်ဆန်းစစ်ခြင်း လယ်သမားများနှင့် အကျိုးစီးပွားပူးပေါင်းဆောင်ရွက်မှုများကို အဖျောက်ဒေသ၊ ဥက္ကံဒေသ၊ တော်လတီဒေသ၊ တိုက်ကြီးဒေသအုပ်စုများတွင်လည်း မြစ်ချောင်းအင်းအိုင်များအနီးရှိ ကျေးရွာအုပ်စုများ ဒေသခံများ၏ တင်ပြချက်များအရ သရက်ချောင်း၊ အထရောင်အုပ်စု၊ ဆင်ခြံအုပ်စုများတွင် စက်သုံးဆီဖြင့် နွေစပါးများ ဧကများစွာ စိုက်ပျိုးလျက်ရှိနေသည့်အတွက် လျှပ်စစ်မြစ် ရေတင်စီမံကိန်းများ တိုးချဲ့ဆောင်ရွက်ပေးရန်နှင့် အထက်ပါ လုပ်ငန်းများအား မြစ်ရေတင်စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လယ်သမားများ အကျိုး ဖြစ်ထွန်းအောင်ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းအား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၁။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အမှတ် (၁၂) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် ရဲ့ မေးမြန်းချက်နဲ့ ပတ်သက်ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဦးခင်ဇော် ဒုတိယဝန်ကြီးမှ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်အတွင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြသော မြစ်ရေတင်လုပ်ငန်း (၄) ခု အပါအဝင် ဆောင်ရွက်ပြီး မြစ်ရေတင်လုပ်ငန်းများအား ၂၀၁၂-၂၀၁၃ ခုနှစ်မှစတင်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ အုပ်ချုပ်မှုအောက်သို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ပါတယ်။ မြစ်ရေတင် လုပ်ငန်းများမှ စိုက်ပျိုးရေ တိုးတက်ပေးဝေနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအနေနှင့် ရေပေးမြောင်းများ အကြီးစားပြုပြင်ခြင်း၊ မြောင်းလိုင်းနံရံစီခြင်းနှင့် လိုအပ်သောရေပေးအဆောက်အဦ ဖြည့်စွက်တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

မြစ်ရေတင်လုပ်ငန်းများတွင် ယခင်ကထက် လျှပ်စစ်ဓာတ်အား ပိုမိုရရှိသဖြင့် နွေစပါး ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ တိုက်ကြီးမြို့နယ်အတွင်း ဒေသခံတောင်သူများ၏ တင်ပြချက်အပေါ်တွင် ကျွမ်းကျင်မှုအမြင်အရ တိုးချဲ့ဆောင်ရွက်နိုင်သည့် လျှပ်စစ်မြစ်ရေတင်လုပ်ငန်း အသစ်တချို့ကို

လေ့လာ တွေ့ရှိထားပါတယ်။ လတ်တလောတွင် ဆောင်ရွက်ပေးရန် သတ်မှတ်ထားသော လုပ်ငန်း မရှိသေးပါ။ အဆိုပါ လုပ်ငန်းသစ်များအတွက် စီမံကိန်းဆိုင်ရာ အကြိုစူးစမ်းလေ့လာဆန်းစစ်ခြင်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိပါတယ်။ လေ့လာဆန်းစစ်ချက်အရ အခြေအနေပေးပြီး တောင်သူများ ဆန္ဒနှင့် ကိုက်ညီသော လုပ်ငန်းကို ရွေးချယ်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ASEAN နိုင်ငံများ၏ ရွှေ့ပြောင်းလုပ်သားများအတွက် မူဝါဒအရ မြန်မာနိုင်ငံမှ ရွှေ့ပြောင်း အလုပ်သမားများကို သက်ဆိုင်ရာတိုင်းပြည်များမှ ဆောင်ရွက်ပေးရန် တိုက်တွန်းဆွေးနွေးမှုများ ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် က ASEAN နိုင်ငံများ၏ ရွှေ့ပြောင်းလုပ်သားများအတွက် မူဝါဒအရ မြန်မာနိုင်ငံမှ ရွှေ့ပြောင်း အလုပ်သမားများကို သက်ဆိုင်ရာတိုင်းပြည်များမှ ဆောင်ရွက်ပေးရန် တိုက်တွန်းဆွေးနွေးမှုများ ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ အားလုံး မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက် ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းကို မေးရခြင်း အကြောင်းရင်းက ကျွန်တော်တို့နိုင်ငံက ရွှေ့ပြောင်းအလုပ်သမားတွေလည်း ဒီ့ပြင် နိုင်ငံတွေမှာသွားပြီးတော့ လုပ်ကိုင်နေတာ အများအပြား ရှိပါတယ်။ အဲဒီတော့ သူတို့ရဲ့ မိသားစုတွေ နောက် အလုပ်သမားနဲ့ပတ်သက်တဲ့ ပို့ကုန်များက ကျွန်တော့်ကို ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့နိုင်ငံက ဆောင်ရွက်နေတဲ့ ဆောင်ရွက်ချက်များကို သိရှိလိုတယ်။ နောက်တစ်ချက် အခု ဒီပြင် နိုင်ငံတွေမှာ အဲဒီလို ဖြစ်နေတာ တွေဟာ ရွှေ့ပြောင်းအလုပ်သမားတွေ ခံစားနေရတဲ့ကိစ္စတွေကို ဘယ်လိုများ ဖြေရှင်းပေးသလဲ ဆိုတာကို လွှတ်တော်မှာ မေးမြန်းစေလိုတဲ့ ဆန္ဒတွေ ရှိပါတယ်။ ဒါကြောင့်မိုလို့ ဒီမေးခွန်းကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီ အာဆီယံ တချို့စကားလုံးတွေအား အင်္ဂလိပ်လို သုံးနှုန်းခွင့်ပြုပါရန် ကြိုတင်မေတ္တာရပ်ခံအပ်ပါတယ်။ ကျွန်တော်တို့ ဒီ ASEAN Summit ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလမှာ Cebu မှာလုပ်တဲ့ အဲဒီ ရွှေ့ပြောင်း အလုပ်သမားများရဲ့ ရပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ဖို့ ကျွန်တော်တို့ အဲဒါနဲ့ ပတ်သက်ပြီးတော့ ကြေညာချက်တစ်ခု ထုတ်ခဲ့ပါတယ်။ သူက ဒီ ASEAN Summit ကနေပြီးတော့။ အဲဒီတော့ ဒီဟာက အဲဒီထဲမှာ ပါနေတဲ့ အချက်အလက်တွေဟာ ရွှေ့ပြောင်းအလုပ်သမားတွေကို ကျွန်တော်တို့ ဒီက မိခင်နိုင်ငံ၊ သွားပြီးတော့လုပ်တဲ့နိုင်ငံ အဲဒီနိုင်ငံနှစ်ခုကြားမှာ အလုပ်သမား ဥပဒေတွေနဲ့အညီ ဆောင်ရွက်ဖို့၊ သူတို့ရဲ့ လစာတွေကအစ၊ ကျန်းမာရေးကအစ၊ လုပ်ငန်းခွင်ကအစ ပေါ့နော်။ ကာကွယ်စောင့်ရှောက်ပေးဖို့ဆိုတဲ့ ဒီကြေညာချက်တွေ ပါ ပါတယ်။

နောက်ပြီးတော့ အဲဒီနိုင်ငံတွေမှာ အရေးယူဆောင်ရွက်မှုတွေကလည်းပဲ တရားဥပဒေ နည်းလမ်းကျ ဆောင်ရွက်မှု ဖြစ်စေရန် ဒါတွေ ပါ ပါတယ်။ ကျွန်တော့်အနေနဲ့တော့ အသေးစိတ် ဒီဟာကို တင်ပြဆွေးနွေးခြင်း မပြုတော့ပါဘူး။ သက်ဆိုင်ရာဝန်ကြီးဌာနက ဒါ သိရှိပြီး ဖြစ်မယ်လို့ ကျွန်တော့် အနေနဲ့ ယူဆပါတယ်။ နောက်တစ်ခါ ASEAN Charter၊ အဲဒီမှာ Article 2.21 မှာလည်းပဲ ဒီလိုပဲ ကျွန်တော်တို့ ပါရှိပါတယ်။ နောက် ကျွန်တော်တို့ ကုလသမဂ္ဂ ကနေပြီးတော့ ကြေညာချက် စာတမ်း၊ ILO ကြေညာချက်စာတမ်း အဲဒီစာတမ်းတွေမှာလည်းပဲ ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ ပတ်သက်ပြီးတော့ ကာကွယ်စောင့်ရှောက်ဖို့ ဒီဟာတွေ ပါ ပါတယ်။ အဲဒီတော့ နိုင်ငံတိုင်းကလည်းပဲ မိမိတို့ရဲ့ ရွှေ့ပြောင်းအလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်နေတယ်ဆိုတာ သိရှိပါတယ်။

ဥပမာ ကျွန်တော်တို့ ဖိလစ်ပိုင်နိုင်ငံ၊ ကျွန်တော်တို့ ကမ္ဘောဒီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ ဆိုလည်းပဲ သူ့ရွှေ့ပြောင်းအလုပ်သမားတွေရှိတဲ့နိုင်ငံကို ညှိနှိုင်းဆွေးနွေးပြီးတော့ တချို့ကိစ္စရပ်တွေမှာ ဝင်ရောက်ပြီးတော့ ထဲထဲဝင်ဝင် သူတို့ သေသေချာချာ ဖြေရှင်းပေးပါတယ်။ မကြာသေးခင်က ကျွန်တော် သိလိုက်ရတဲ့ ကမ္ဘောဒီးယားနိုင်ငံကလည်းပဲ အခုထိုင်းနိုင်ငံမှာရှိတဲ့ သူ့ရဲ့အလုပ်သမားတွေ ကိစ္စကို ကမ္ဘောဒီးယားက သူ့ရဲ့ သက်ဆိုင်ရာနိုင်ငံကို၊ ထိုင်းနိုင်ငံကို တာဝန်ရှိပုဂ္ဂိုလ်တွေကို ဆက်သွယ် ပြီးတော့ ဆောင်ရွက်တယ်ဆိုတာ သိရပါတယ်။ နောက် ထို့အတူပါပဲ ကျွန်တော် မကြာသေးခင်က လွန်ခဲ့တဲ့ နှစ်ရက်လောက်ကပါပဲ။ ကျွန်တော်တို့နိုင်ငံက သံအမတ်ကြီးကလည်းပဲ ထိုင်းနိုင်ငံမှာ ကျွန်တော်တို့ နိုင်ငံက ရွှေ့ပြောင်းအလုပ်သမားတွေအတွက် သွားပြီးတော့ ဆောင်ရွက်ပေးတယ်ဆိုတာ ဒါလည်း ကျွန်တော် သိရှိလိုက်ရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နောက် ခုနတုန်းက ၂၀၀၇ ခုနှစ်မှာ Cebu က ကြေညာထားတဲ့ ကြေညာစာတမ်းအရလည်းပဲ သက်ဆိုင်ရာနိုင်ငံတွေက ဥပဒေတွေကို ကျွန်တော်တို့က ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီဟာတွေ ဘာကြောင့်လဲဆိုတော့ ၂၀၁၅ ခုနှစ်မှာ ဖြစ်ပေါ်လာမယ့် ကျွန်တော်တို့ အာဆီယံမှာရှိတဲ့ Three Pillars အရ လွတ်လပ်စွာ ကုန်သွယ်မှုတွေလုပ်မယ်။ အလုပ်သမားတွေကလည်း ဝင်ရောက်ပြီးတော့ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ သွားမယ်၊ ခုနက ရွှေ့ပြောင်းအလုပ်သမားတွေ၊ ဒါကြောင့် သက်ဆိုင်ရာနိုင်ငံတွေကလည်းပဲ ခုနတုန်းက ကျွန်တော်တို့ ကြေညာစာတမ်းအပေါ်မှာ၊ နောက် ILO ကနေပြီးတော့ ထုတ်ပြန်ထားတဲ့ဟာတွေပေါ်မှာ မူတည်ပြီးတော့ ဒီဥပဒေတွေရေးဆွဲရမှာ ဖြစ်ပါတယ်။ ဒါကလည်းပဲ ရေးဆွဲနေပြီလို့တော့ ကျွန်တော့် အနေနဲ့ ယူဆပါတယ်။ သို့သော် ထွက်ပေါ်လာခြင်းတော့ မရှိသေးပါဘူး။

အဲဒီတော့ ရေးဆွဲတဲ့ဥပဒေတွေဟာ အခုနက သက်ဆိုင်ရာနိုင်ငံတွေက ဝင်လာတဲ့ ခုနတုန်းက ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ဆိုင်တဲ့ ဒီဥပဒေတွေပါ၊ နောက်တစ်ချက် ဒီလို ဒီရွှေ့ပြောင်း အလုပ်သမားတွေကို ဆောင်ရွက်ပေးတဲ့အခါမှာ ခိုင်ခိုင်မာမာနဲ့ တိကျတဲ့အဖွဲ့အစည်းတွေ ဖွဲ့ပြီးတော့ သူတို့ တစ်စိုက်မတ်မတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့လည်းပဲ ဒီမှာ ကျွန်တော်တို့ဆီက ရွှေ့ပြောင်းအလုပ်သမားများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနက နေပြီးတော့ ကာကွယ်စောင့်ရှောက်ပေးထားတာနဲ့ ပတ်သက်ပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၉။**

**ဥက္ကဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၅၀။**

**ဦးထင်အောင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြောင်းနဲ့ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမား၊ အလုပ်အကိုင် နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးထင်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်း ဒေသကြီး၊ အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြင့်ကြည် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်တာကြောင့် ရွှေ့ပြောင်းအလုပ်သမားများရဲ့ အခွင့်အရေးတွေ ကာကွယ်စောင့်ရှောက်ခြင်းနဲ့ မြှင့်တင်ခြင်းဆိုင်ရာ အာဆီယံ ကြေညာစာတမ်းမှာ ပါတဲ့ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာမူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ အလုပ်သမားစေလွှတ်တဲ့ နိုင်ငံနဲ့ လက်ခံတဲ့နိုင်ငံက အစိုးရ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမား အဖွဲ့အစည်းများနဲ့ လူမှုအဖွဲ့အစည်းများအကြား ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်နေရတဲ့ အခက်အခဲများကို ဖြေလျှော့နိုင်ဖို့၊ ကောင်းမွန်လုံခြုံစိတ်ချရတဲ့ လုပ်ငန်းခွင်ဖြစ်စေဖို့၊ ခွဲခြားဆက်ဆံ ခံရမှုမရှိစေဖို့နဲ့ ခေါင်းပုံဖြတ်မခံရစေဖို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်း ညှိနှိုင်း ဆွေးနွေးမှုများမှာ ပါဝင်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ မကြာသေးခင် ကလည်း ကျွန်တော်တို့ အာဆီယံ အလုပ်သမားဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်မှာ ကျင်းပခဲ့ပြီးတော့ အဲဒီမှာလည်း ရွှေ့ပြောင်းအလုပ်သမားများ ကိစ္စရပ်တွေကို ဆွေးနွေးတိုင်ပင်ပြီးတော့ ညှိနှိုင်းရရှိခဲ့တာတွေလည်း အများကြီးရှိပါတယ်။

ဒါ့အပြင် မိမိတို့ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့လည်း ပြည်ပသို့ သွားရောက်လုပ်ကိုင်မယ့် မြန်မာအလုပ်သမားတွေအနေနဲ့ သွားရောက် အလုပ်လုပ်ကိုင် ကြတဲ့အခါမှာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ လုပ်ငန်းစဉ်တွေကို အဆင်ပြေစွာဖြင့် ဆောင်ရွက်နိုင် ဖို့အတွက် ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေ ပါတယ်။ ပြည်ပရောက် မြန်မာအလုပ်သမားတွေနဲ့ ပတ်သက်လို့ ပိုမိုထိရောက်စွာ ဖြေရှင်း ဆောင်ရွက် နိုင်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေ ပါဝင်တဲ့ ပြည်ပတွင် အလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေး ကော်မတီကို ၂၇-၅-၂၀၁၁ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီးတော့ အဲဒီကော်မတီအောက်မှာ စီမံခန့်ခွဲရေး လုပ်ငန်းကော်မတီ၊ အကျိုးခံစားခွင့်ရရှိရေးလုပ်ငန်းကော်မတီ၊ ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်း ကော်မတီများကို ဖွဲ့စည်းကာ ပြည်ပနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားရေးရာ ကိစ္စရပ် များမှာ ဆောင်ရွက်ပေးနေပါတယ်။ ကော်မတီဟာ ပြည်ပကို တရားဝင်သွားရောက် အလုပ်လုပ်ကိုင်

နေကြတဲ့ မြန်မာအလုပ်သမားတွေ လွယ်ကူချောမွေ့ပြီး ကုန်ကျမှုသက်သာစေတဲ့ နည်းလမ်းတွေ အကောင်အထည်ဖော်ခြင်း၊ ပြည်ပမှာ ရောက်ရှိ အလုပ်လုပ်ကိုင်နေတဲ့ မြန်မာ အလုပ်သမားတွေကို သက်ဆိုင်ရာနိုင်ငံရဲ့ ဥပဒေနဲ့အညီ အကျိုးခံစားခွင့်တွေ၊ အခွင့်အရေးတွေ ရရှိစေဖို့ ကာကွယ် စောင့်ရှောက်ပေးခြင်း၊ ပြည်ပမှာ ရောက်ရှိအလုပ်လုပ်ကိုင်နေကြပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာလိုတဲ့ အလုပ်သမားတွေကို ပံ့ပိုးကူညီပေးနေပါတယ်။

မြန်မာနိုင်ငံက အလုပ်သမားအများစု သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနဲ့ ကိုရီးယားသမ္မတနိုင်ငံတို့မှာ အလုပ်သမားသံအရာရှိတွေ ခန့်ထားပြီးတော့ ရွှေ့ပြောင်းအလုပ်သမားတွေရဲ့ အခွင့်အရေး၊ ရပိုင်ခွင့်တွေကို သက်ဆိုင်ရာနိုင်ငံရဲ့ အလုပ်သမား ဥပဒေအတိုင်း အပြည့်အဝ ရရှိနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ အလုပ်သမားသံအရာရှိ မရှိတဲ့ ပြည်ပနိုင်ငံတွေမှာ မြန်မာအလုပ်သမားတွေရဲ့ ကိစ္စတွေကို မြန်မာသံရုံးတွေကတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံတွေရဲ့ ဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးနေပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနဟာ ၂၀၁၄ ခုနှစ်၊ မေလကုန်အထိ ပြည်ပသို့ တရားဝင် အလုပ်သမား စေလွှတ်နိုင်ဖို့ ပြည်ပအလုပ်အကိုင် အကျိုးဆောင် အေဂျင်စီပေါင်း (၂၀၂) ခုကို အကျိုးဆောင် လိုင်စင်များ ထုတ်ပေးထားပါတယ်။ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီတွေကို စုစည်းပြီးတော့ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ်ကို ၂၄-၂-၂၀၁၃ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ ထိုင်းနိုင်ငံနဲ့ မလေးရှားနိုင်ငံတို့မှာ ဒီအေဂျင်စီအဖွဲ့ချုပ်ရဲ့ ကိုယ်စားလှယ်ရုံးများကိုလည်း ဖွင့်လှစ်ထားရှိပြီးတော့ အလုပ်သမားတွေ ရဲ့ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်တာနဲ့ အလုပ်သမားရေးရာကိစ္စရပ်များကို အလုပ်သမားသံအရာရှိတွေနဲ့ ပူးပေါင်းဖြေရှင်း ဆောင်ရွက်ပေးနေပါတယ်။

ပြည်ပရောက် မြန်မာအလုပ်သမားတွေရဲ့ အခွင့်အရေးတွေ ပိုမိုကာကွယ်စောင့်ရှောက် နိုင်ဖို့အတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေကို ခေတ်နဲ့အညီဖြစ်စေဖို့ ပြင်ဆင်ရေးဆွဲလျက်လည်း ရှိပါတယ်။ ဒါ့အပြင် ပြည်တွင်းပြည်ပ မြန်မာအလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်ပေးနိုင်ဖို့ အတွက် Complaint Mechanism Center ကို နေပြည်တော်နဲ့ ရန်ကုန်မှာ (၂၄)နာရီ ဖွင့်လှစ် ပြီးတော့ ဆောင်ရွက်ပေးနေပါတယ်။

ထိုင်းနိုင်ငံမှာ ရောက်ရှိနေတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ တရားဝင်ဖြစ်စေဖို့နဲ့ ထိုင်းနိုင်ငံကို အလုပ်သမားအသစ်တွေ တရားဝင်လမ်းကြောင်းမှ စေလွှတ်နိုင်ဖို့အတွက် ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံအကြား အလုပ်သမားများ ခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာ MoU ကို ၂၀၀၃ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှာ ချုပ်ဆိုခဲ့ပါတယ်။ အဲဒီ MoUအရ ၁၀-၉- ၂၀၀၉ ရက်နေ့က စတင်ကာ ထိုင်းနိုင်ငံမှာ ရောက်ရှိနေတဲ့ အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်း အလုပ်သမားတွေကို မြန်မာနိုင်ငံက ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနနဲ့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့ ပူးပေါင်းအဖွဲ့တွေနဲ့ နယ်စပ်မြို့တွေဖြစ်တဲ့ တာချီလိတ်၊ မြဝတီ နဲ့ ကော့သောင်တွေမှာ စခန်းတွေ ဖွင့်လှစ်ပြီးတော့ ထိုင်းနိုင်ငံအတွင်းမှာလည်း လုပ်ငန်းအဖွဲ့တွေ စေလွှတ်ကာ အထောက်အထားများ ထုတ်ပေးခဲ့ပါတယ်။

ယခုအခါမှာ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ မြန်မာသံရုံးမှာ သာမန်နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးဌာနစိတ်နဲ့ နယ်စပ်မြို့များဖြစ်တဲ့ မယ်ဆိုင်၊ မဲဆောက်၊ ရနောင်းတို့မှာ One Stop Service Centre တွေကို မြန်မာနိုင်ငံက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့နဲ့ ထိုင်းနိုင်ငံက အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့နဲ့ ပူးပေါင်းဖွင့်လှစ်ဆောင်ရွက်ပေးနေပါတယ်။

အလားတူ မလေးရှားနိုင်ငံရောက် အထောက်အထားမဲ့ မြန်မာအလုပ်သမားတွေကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးဖို့နဲ့ အလုပ်အကိုင်၊ အလုပ်လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်တွေ ရရှိစေဖို့ အတွက် ၂၀၁၁ ခုနှစ် မှာ 6 P အစီအစဥ်ဖြင့် မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးက လုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ ယခုလက်ရှိအချိန်မှာ မလေးရှားနိုင်ငံရှိ အထောက်အထားမဲ့ မြန်မာ အလုပ်သမားတွေကို အထောက်အထားရစေဖို့အတွက် 6 P Extension အစီအစဥ်နဲ့ နှစ်နိုင်ငံ အစိုးရအကြား အစီအစဥ်ဖြစ်တဲ့ Cooperation in the Registration, Legalization and Deportation of Undocumented Myanmar Workers working in Malaysia တွေကို ဆောင်ရွက်ပေးနေပါတယ်။ ဒီလိုဆောင်ရွက်ဖို့ မလေးရှားနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှာ သာမန် နိုင်ငံကူး လက်မှတ်ထုတ်ပေးရေးဌာနစိတ်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနဲ့ ပြည်သူ့အင်အား ဝန်ကြီးဌာနနဲ့ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနတို့ ပူးပေါင်းအဖွဲ့နဲ့ ဆောင်ရွက် ပေးနေပါတယ်။

ကိုရီးယားသမ္မတနိုင်ငံကို မြန်မာအလုပ်သမားများစေလွှတ်မှုအတွက် နှစ်နိုင်ငံအကြား MoU ကို ၂၀၁၀ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ကိုရီးယားနိုင်ငံရောက် မြန်မာအလုပ်သမား ရေးရာကိစ္စတွေကို အလုပ်သမားသံအရာရှိက သက်ဆိုင်ရာနိုင်ငံရဲ့ အလုပ်သမားဌာန၊ လူမှု အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးနေပြီး ကိုရီးယားသမ္မတနိုင်ငံ၊ အလုပ်သမား ဝန်ကြီးဌာနအောက်မှာ ရှိတဲ့ HRD (Human Resource Development) ကိုရီးယားရဲ့ကြီးကြပ်မှုနဲ့ မြန်မာအလုပ်သမားတွေလုပ်ကိုင်တဲ့ ကိုရီးယားနိုင်ငံရဲ့မြို့နယ်တွေက နိုင်ငံခြားသား ကူညီ စောင့်ရှောက်ရေး Centre တွေနဲ့ ပူးပေါင်းကာ မြန်မာအလုပ်သမားရေးရာကိစ္စရပ်များကို ဖြေရှင်း ဆောင်ရွက်ပေးနေပါတယ်။

ပြည်ပနိုင်ငံမှာ ရောက်ရှိနေတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်လို့လည်း ဖြစ်ပေါ်လာတဲ့ ကိစ္စရပ်များကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့ဟာ သက်ဆိုင်ရာ ပြည်ပနိုင်ငံရှိ လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနတို့မှ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် မကြာခဏ တွေ့ဆုံဆွေးနွေးခြင်း၊ လိုအပ်ပါက အချိန်မရွေး ဆက်သွယ်ဆောင်ရွက်ခြင်း၊ အလုပ်သမားသံအရာရှိ နှင့် တစ်လ တစ်ကြိမ် ပုံမှန်ဆွေးနွေးမှုများကို ပြုလုပ်စေခြင်းများကို ဆောင်ရွက်နေပါတယ်။

ဒီနေရာမှာ ကြုံတုန်းတင်ပြချင်တာကတော့ မေလ ၁၂ ရက်နေ့တုန်းက မလေးရှားနိုင်ငံက ပြည်ထဲရေးဝန်ကြီး မြန်မာနိုင်ငံကို လာပါတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့ မလေးရှားနိုင်ငံမှာ ရောက်ရှိနေတဲ့ အလုပ်သမားတချို့ မှတ်ပုံတင်နိုင်ငံကူး

လက်မှတ် ပျောက်ဆုံးတာတို့ နောက်အဲဒီနိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားတဲ့အတွက် အလုပ်လုပ်ကိုင်ခွင့်တွေ ထပ်လိုအပ်တဲ့ကိစ္စနဲ့ ပတ်သက်လို့လည်း ဆွေးနွေးတဲ့အခါမှာ သူတို့နိုင်ငံမှာရှိတဲ့ ဥပဒေတွေကနေ ဖြေလျှော့ပြီးတော့ အမြန်ဆုံးဆောင်ရွက်ပေးမယ်လို့ အာမခံသွားပါတယ်။ ဆက်လက်ပြီးတော့ ပူးပေါင်းဆောင်ရွက်မှုတွေလည်း အဓိကလုပ်ဆောင်သွားမယ်လို့ ဆွေးနွေးညှိနှိုင်း ရရှိတဲ့အတွက် ယခုအခါဆိုလို့ရှိရင် အဲဒီအလုပ်သမားတွေနဲ့ ပတ်သက်လို့ မြန်မာသံရုံးမှာရှိတဲ့ အလုပ်သမားသံအရာရှိနဲ့ ဒီပြည်ထဲရေးဝန်ကြီးဌာနတို့ဟာ ပူးပေါင်းပြီးတော့ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ဒါ့အပြင် ကျွန်တော် ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ မေလ ၃ ရက်နေ့ကနေ ၁၁ ရက်နေ့အထိ မလေးရှားနိုင်ငံနဲ့ ထိုင်းနိုင်ငံကို သွားရောက်ခဲ့ပြီးတော့ အဲဒီနိုင်ငံတွေမှာ ရှိတဲ့ အစိုးရများရဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနတို့က ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများနဲ့ တွေ့ဆုံခဲ့ပါတယ်။ မလေးရှားနိုင်ငံမှာဆိုရင် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးနဲ့သော်လည်းကောင်း၊ နောက်တစ်ခါ ဒုတိယဝန်ကြီးနဲ့လည်းကောင်း ကျွန်တော်တို့ တွေ့ဆုံခဲ့ပြီးတော့ ဆွေးနွေးတဲ့အခါမှာ ဒီမြန်မာရွှေ့ပြောင်း အလုပ်သမားတွေ အရေးကိစ္စတွေ၊ ရပိုင်ခွင့်တွေ၊ ခံစားခွင့်ကိစ္စတွေကို ကျွန်တော်တို့ ထဲထဲဝင်ဝင် ဆွေးနွေးတဲ့အခါမှာလည်း နှစ်ဦးနှစ်ဘက် သဘောတူညီချက်တွေ ရရှိပြီးတော့ သူတို့ဘက်က ကူညီပံ့ပိုးမှုတွေကိုလည်း အများကြီး အာမခံချက်တွေ ရရှိခဲ့ပါတယ်။ အလားတူပဲ ထိုင်းနိုင်ငံမှာလည်း ဘန်ကောက်မှာရှိတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံ သာမန်နိုင်ငံကူးလက်မှတ် ထုတ်ပေးရေးဌာနစိတ်မှ လုပ်ငန်းဆောင်ရွက်မှုတွေရော၊ နောက်တစ်ခါ ဒီ နယ်စပ်ဒေသမှာရှိတဲ့ မယ်ဆိုင်၊ မဲဆောက်၊ ရနောင်းမှာရှိတဲ့ One Stop Service Centre ဆောင်ရွက်မှု အခြေအနေတွေကိုရော၊ မဟာချိုင်မှာရှိတဲ့ မြန်မာအလုပ်သမားတွေ လုပ်နေတဲ့စက်ရုံတွေရော၊ ဒီ မဲဆောက်မှာ ရှိတဲ့ မြန်မာအလုပ်သမား စက်ရုံတွေကိုရော သွားရောက်တွေ့ရှိခဲ့ပါတယ်။ နောက်ပြီးတော့ သူတို့ရဲ့ ပြောကြားချက်တွေကိုလည်း နားထောင်ပြီးတော့ ချက်ချင်းပဲ ထိုင်းနိုင်ငံရဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေနဲ့ ဆွေးနွေးပြီးတော့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးခဲ့ပါတယ်။ ဒါ့အပြင် ဒီခရီးစဥ်မှာ မလေးရှားနိုင်ငံမှာရော၊ ထိုင်းနိုင်ငံမှာရော မြန်မာလူမှုအဖွဲ့အစည်းတွေနဲ့လည်း တွေ့ဆုံခဲ့ပြီးတော့ သူတို့နဲ့ ရင်းနှီးမှုရယူကာ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ကျွန်တော်တို့ နားလည်မှုတွေ ရရှိခဲ့ပါတယ်။ အခုဆိုလို့ရှိရင်လည်း ဒီအဖွဲ့တွေနဲ့ ကျွန်တော်တို့ မြန်မာအလုပ်သမားသံအရာရှိတွေဟာ ပူးပေါင်း ဆောင်ရွက်လျက်လည်း ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒီနေရာမှာကြုံတုန်း ခုနတုန်းက ဒေါက်တာမြင့်ကြည် တင်ပြတဲ့ ထိုင်းနိုင်ငံ ယခုလက်ရှိ အခြေအနေနဲ့ပတ်သက်လို့ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ဘာတွေဆောင်ရွက်နေသလဲဆိုတာ အလျဥ်းသင့်လို့ တင်ပြလိုပါတယ်။ ထိုင်းနိုင်ငံမှာ စစ်တပ်ကအာဏာသိမ်းပြီးတဲ့နောက်မှာ ကျွန်တော်တို့ ဒီဇွန်လ လဆန်းပိုင်းလောက်ကစပြီးတော့ ဒီအလုပ်သမားတွေ ဖမ်းဆီးမှုတွေ အမျိုးမျိုး သတင်းတွေ ကြားရပါတယ်။ တချို့ဆိုရင် ကမ္ဘောဒီးယားဆိုရင် တစ်သိန်းကျော်၊ ရွှေ့ပြောင်းအလုပ်သမား တစ်သိန်းကျော် အထောက်အထားမဲ့တွေဟာ သူတို့နိုင်ငံကို ပြန်သွားရတယ်လို့ ကျွန်တော်တို့ သတင်းတွေရပါတယ်။ မြန်မာနိုင်ငံက ရွှေ့ပြောင်းအလုပ်သမားတွေကိုလည်း ဖမ်းဆီးမှုတွေ ရှိတယ်လို့လည်း သိရပါတယ်။ မဟာချိုင်မှာလည်း ကြားရပါတယ်။ မဲဆောက်မှာလည်း ကြားရပါတယ်။ ချင်းမိုင်ဘက်မှာလည်း ကြားရပါတယ်။

ကြားရတဲ့အခါမှာ ပထမအပိုင်းမှာတော့ သတင်းက ကောလာဟလ သဘောမျိုးလို တည်ငြိမ်မှုမရှိသေးတဲ့အတွက် ကျွန်တော်တို့က အခြေအနေကို စောင့်ကြည့်ခဲ့ပါတယ်။ ကျွန်တော်တို့ စောင့်ကြည့်သလိုပါပဲ မြန်မာသံရုံးကလည်း အနီးကပ်စောင့်ကြည့်ပါတယ်။ ကျွန်တော်တို့လည်း နေ့စဉ် တစ်နေ့ နှစ်ကြိမ် ထိုင်းနိုင်ငံမှာ ဖြစ်ပျက်နေတဲ့သတင်းတွေကို ရယူပြီးတော့ ကျွန်တော်တို့ အလုပ်သမား သံအရာရှိ၊ နောက်တစ်ခါ ဒီနယ်စပ်မှာရှိတဲ့ ကျွန်တော်တို့ မယ်ဆိုင်၊ မဲဆောက်၊ ရနောင်းမှာရှိတဲ့ One Stop Service Centre မှာရှိတဲ့ ဝန်ထမ်းတွေ၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း မှာရှိတဲ့ ကျွန်တော်တို့ ဝန်ထမ်းတွေကနေ သတင်းတွေကို တစ်နေ့နှစ်ကြိမ် ရယူပြီးတော့ ကျွန်တော်တို့ အနီးကပ် စောင့်ကြည့်ခဲ့ပါတယ်။

ယခုအခါဆိုလို့ရှိရင်တော့ တဖြည်းဖြည်းနဲ့ သတင်းမှန်တွေက ရလာပြီးတော့ ထိုင်းနိုင်ငံမှာ ဆိုရင် အခုအာဏာသိမ်းတဲ့အစိုးရက ဒီ Migration နဲ့ပတ်သက်ပြီးတော့ ကော်မတီနှစ်ရပ်ကို ဖွဲ့စည်း ပြီးတော့ ဆောင်ရွက်နေပြီလို့လည်း သိရပါတယ်။ နောက်တစ်ခါ နောက်ထပ်သတင်း၊ တီဗွီကနေ ကြေညာချက်တွေအရ ဒီရွှေ့ပြောင်းအလုပ်သမားတွေကို သူတို့ကဖမ်းတာမဟုတ်ပါဘူး။ နိုင်ငံမှာ တရားမဝင်လုပ်ကိုင်နေတဲ့ အလုပ်သမားတွေများနေတဲ့အတွက် စိစစ်ပြီးတော့ စစ်ဆေးခြင်းသာ ဖြစ်ပါတယ်။ ပထမအပိုင်းမှာတော့ ကျွန်တော်တို့ ကြားတဲ့သတင်းများအရ Deportation ပေါ့လေ၊ လာတဲ့နိုင်ငံ၊ မူရင်းနိုင်ငံကို ပြန်ပို့တာတွေကိုလည်း ကျွန်တော်တို့ ကြားရပါတယ်။ ဒါပေမဲ့ အခုချိန်မှာတော့ အခုတုန်းက ဒေါက်တာမြင့်ကြည် တင်ပြသွားသလိုပါပဲ။ သံအမတ်ကြီးက နှစ်ကြိမ်၊ ပထမဦးဆုံး ထိုင်းကြည်းတပ် ဦးစီးချုပ်နဲ့လည်းတွေ့ပါတယ်။ နောက်တစ်ကြိမ်လည်းထပ်ပြီးတော့ တွေ့ပြီးတော့ ဒီမြန်မာအလုပ်သမားကိစ္စတွေကို ဆွေးနွေးတဲ့အခါမှာ နောက်ဆုံးသိရှိရတဲ့သတင်းအရကတော့ သူတို့ အနေနဲ့ ဒီ Undocumented ဒီအထောက်အထားမရှိတဲ့ဟာတွေ၊ မြန်မာအလုပ်သမားတွေ ကိုရော၊ နိုင်ငံတကာ အလုပ်သမားတွေရော အထောက်အထား လုပ်ပေးမယ်၊ နောက်ပြီးတော့ အလုပ်ရှင်တွေက မတရားခိုင်းစေမှုတွေ လုပ်နေတာတွေကိုလည်း တရားဥပဒေဘောင်အတွင်းက အလုပ်ရှင်တွေက ခိုင်းစေဖို့၊ ဒီအလုပ်သမားတွေ၊ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ အပြည့်အဝရရှိစေဖို့ ဆိုပြီးတော့ ဆောင်ရွက်မယ်ဆိုတဲ့ သတင်းတွေလည်း ကျွန်တော်တို့ ရရှိပါတယ်၊ အခုနောက်ပိုင်းမှာ။

ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့လည်း တစ်ဖက်နိုင်ငံမှာ ဖြစ်နေတဲ့အခြေအနေတွေကို မျက်ခြေမပြတ် သတင်းရယူနေပြီးတော့ လိုအပ်ရင်လိုအပ်သလို ကျွန်တော်တို့အနေနဲ့ ဆောင်ရွက် ပေးဖို့လည်း အဆင်သင့်ပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့ကိုယ်တိုင် လိုအပ်လို့ရှိရင် အထက်လူကြီးပိုင်း ကအစ ဟိုဘက်မှာသွားပြီးတော့ ဆွေးနွေးဖို့တွေ၊ သွားပြီးတော့ ညှိနှိုင်းဖို့တွေ၊ ပထမဆုံး သံရုံးအဆင့်နဲ့ ဆွေးနွေးပြီးတော့ သံရုံးအဆင့်နဲ့မှ ဆွေးနွေးလို့မရရင် ဒုဝန်ကြီးလည်းပဲ ဟိုဘက်ကို သွားဆွေးနွေးဖို့လည်း အစီအစဉ်တွေ လုပ်ထားတာရှိပါတယ်။ အဆင်သင့် ဆောင်ရွက်ထားတာ ရှိပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနဟာ ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ ဖြစ်တဲ့ International Organization for Migration သို့ အဖွဲ့ဝင်အဖြစ် ၂၀၁၂ ခုနှစ်မှာ ဝင်ရောက်ခဲ့ပြီး ရွှေ့ပြောင်းအလုပ်သမားများရဲ့ အရေးကိစ္စများကို ပူးပေါင်းဆောင်ရွက်လျက် ရှိပါတယ်။ ဒါ့အပြင် ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်လိုတဲ့ အလုပ်သမားတွေနဲ့ ပြည်သူလူထုတွေအကြား

သတင်းအချက်အလက်နဲ့ သိသင့်သိထိုက်တဲ့ နည်းပညာဗဟုသုတတွေကို လျင်မြန်ထိရောက်စွာ သိရှိနိုင်ဖို့အတွက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ သတင်းစာ၊ ဂျာနယ် နဲ့ ရေဒီယိုတွေမှာ ထည့်သွင်းကြေညာခြင်းတို့ကိုလည်း ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ (IOM)၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) တို့နဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက် ရှိနေပါတယ်။

ဒါကြောင့်မို့လို့ မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများအတွက် သက်ဆိုင်ရာပြည်ပ နိုင်ငံများတွေနဲ့ ဆောင်ရွက်ပေးရန်နဲ့ ပတ်သက်လို့ ဆွေးနွေးတိုက်တွန်းမှုများ ရှိပါကြောင်းနှင့် သက်ဆိုင်ရာနိုင်ငံများနှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ်ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို (၁၁း၀၅)နာရီအချိန်တွင် ရပ်နားပြီး(၁၁း၂၀)နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင် ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်း ကော်မတီက ကော်မတီရဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဦးကျော်ကျော် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ အခုအမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ကိုယ်စားကျွန်တော်က အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ဥပဒေကြမ်းကော်မတီ၏ကြိမ်ဒဏ်ပေးခြင်း

အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအပေါ်

စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၄-၂၃၆

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဇွန် လ ၁၇ ရက်

၁။ ပြည်သူ့လွှတ်တော်က ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကို ၁၁-၆-၂၀၁၄ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ်၊ ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး၊ နဝမနေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ဆွေးနွေးနိုင်ရန်အတွက် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် ပတ်သက်၍ ၁၃-၆-၂၀၁၄ ရက်နေ့တွင် ဆွေးနွေးခဲ့ပါသည်။

လေ့လာတွေ့ရှိချက်များ

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ (The Whipping Act, 1909) ကို ရုပ်သိမ်းသည့်ဥပဒေကြမ်းကို လေ့လာစိစစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄ တွင် လူ့သိက္ခာညှိုးနွမ်းသေးသိမ်စေသည့် ပြစ်ဒဏ်ပြဋ္ဌာန်းခွင့်မရှိစေရ ဟူသော ပြဋ္ဌာန်းချက်နှင့်ညီညွတ်မှု မရှိကြောင်း၊ ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ (The Whipping Act, 1909) သည် ၁၉၀၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး ယနေ့ခေတ်နှင့် ဆီလျော်ညီညွတ်မှု မရှိကြောင်း၊ လက်တွေ့တွင်လည်း ကျင့်သုံးဆောင်ရွက်မှု မရှိကြောင်းတို့ကို လေ့လာတွေ့ရှိရသည့်အတွက် ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသင့်ကြောင်း သဘောထားရရှိပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေ (The Whipping Act, 1909) ကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ကြိမ်ဒဏ်ပေးခြင်းအက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ် ရေးထိုးပြီး ၂၃-၆-၂၀၁၄ (တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၈)၏ အလုပ်ရှင်နှင့် အလုပ်သမား ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းထားတဲ့ အလုပ်ရှင်နှင့် အလုပ်သမား ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ ၁၂-၆-၂၀၁၄ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော်ကိုယ်စားလှယ် (၄)ဦးက ဆွေးနွေးခဲ့ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ ယခုအဆိုနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၈။**

**ဦးထင်အောင် (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်ရော စိတ်ပါ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၈)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ၏ အလုပ်ရှင်နှင့် အလုပ်သမား ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်းလို့ ပြည်ထောင်စုဝန်ကြီးကိုယ်စား ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနဟာ အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဦးနှစ်ဘက်မျှတတဲ့ အလုပ်သမားရေးရာကျင့်စဉ်များ Fair labour practices ဖြစ်ထွန်း ရှင်သန် ကျင့်သုံးစေဖို့နဲ့ တည်ဆဲအလုပ်သမားရေးရာဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များနှင့် အညီ စက်ရုံအလုပ်ရုံ လုပ်ငန်းဌာနများမှ ကုန်ထုတ်စွမ်းအားကျဆင်းမှု မရှိစေဖို့အတွက် အလုပ်ရှင် အလုပ်သမား၊ အစိုးရ (၃)ပွင့်ဆိုင် (Tripartite) နည်းလမ်းဖြင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေး နေပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အလုပ်ရှင်နှင့် အလုပ်သမားများအကြား ဖြစ်ပွားတဲ့ အငြင်းပွားမှု ပြဿနာများကို ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေနဲ့အညီ လုပ်ငန်း ညှိနှိုင်းရေးကော်မတီ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များနှင့် ညှိနှိုင်းဖျန်ဖြေခြင်း၊ ခုံသမာဓိအဖွဲ့၊ ခုံသမာဓိကောင်စီတို့က ဥပဒေနှင့်အညီ လူမှုရေးတရားမျှတမှုအပေါ် အခြေခံပြီး ဖြေရှင်းဆုံးဖြတ်ပေး ခြင်းများကို ဆောင်ရွက်ပေးနေပါတယ်။ အလုပ်ရှင် အလုပ်သမားဖြစ်ပွားတဲ့ ပြဿနာမှာ အလုပ်သမားများ အနေနဲ့ လုပ်ခလစာတိုးမြှင့်ပေးဖို့ အဓိကတောင်းဆိုတာကို တွေ့ရှိရပါတယ်။ ဖြစ်ပေါ်ခဲ့တဲ့ ဆန္ဒ ဖော်ထုတ်မှုတွေမှာ အလုပ်ရှင်အလုပ်သမားနဲ့၊ အလုပ်ရှင်မန်နေဂျာနဲ့ အလုပ်သမားအကြား နားလည်မှု လွဲမှားတာတွေ၊ လူမှုရေးဆိုင်ရာနှင့် ဥပဒေပါ ခံစားခွင့်များ ရလိုတာတွေ ဖြစ်တာကို တွေ့ရှိရပါတယ်။ သက်ဆိုင်ရာ စက်ရုံအလုပ်ရုံတွေမှာ အလုပ်သမားအဖွဲ့အစည်းရှိရင် စက်ရုံတွင်းမှာ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းတို့ ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ရပါတယ်။

အလုပ်သမားအဖွဲ့အစည်းမရှိရင် လုပ်ငန်းညှိနှိုင်းရေးကော်မတီက အလုပ်ရှင်နှင့် ဆွေးနွေး ညှိနှိုင်းရပါတယ်။ ပြေလည်မှု မရရင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့နဲ့ ဆက်လက်ဆောင်ရွက်ရပြီး ပြေလည်မှုမရသေးပါက သက်ဆိုင်ရာခုံသမာဓိအဖွဲ့ အဲဒီကတစ်ဆင့် ခုံသမာဓိကောင်စီတို့မှ အဆင့်ဆင့် ဆက်လက်ညှိနှိုင်း ရပါတယ်။ အလုပ်ရှင်ဟာ အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေး ဥပဒေနဲ့အညီ အလုပ်သမား (၃၀)ဦးနဲ့ အထက်ရှိတဲ့ အလုပ်ဌာနတွေမှာ အလုပ်ရှင် ကိုယ်စားလှယ် များနဲ့ အလုပ်သမားကိုယ်စားလှယ်များပါတဲ့ လုပ်ငန်းညှိနှိုင်းရေးကော်မတီကို ဖွဲ့စည်းပြီး ဖြေရှင်း ပေးရပါတယ်။ အလုပ်သမား(၃၀)ဦး မပြည့်တဲ့ အလုပ်ဌာနတွေမှာလည်း အလုပ်သမားများက နစ်နာလို့ တောင်းဆိုလာရင် ဆွေးနွေးညှိနှိုင်း ဖြေရှင်းပေးတာတွေကို အလုပ်ရှင်နှင့် မန်နေဂျာတွေက ရက်သတ္တပတ်အတွင်း ဆောင်ရွက်နိုင်ရေး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီး ဌာနက တိုက်တွန်းကြီးကြပ် ဆောင်ရွက်ပေးရပါတယ်။ အလုပ်ရှင်နှင့် အလုပ်သမားတွေကြားမှာ လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်စေဖို့အတွက် လုပ်ငန်းခွင်စည်းကမ်းတွေကို ကြိုတင်ညှိနှိုင်း ဆွေးနွေးသတ်မှတ်ခြင်း၊ အလုပ်သမားတွေဘက်က တင်ပြချက်တွေကို အလေးထား ဆွေးနွေးပေးခြင်း၊ တည်ဆဲအလုပ်သမား ဥပဒေပါရပိုင်ခွင့်များ ပြည့်ပြည့်ဝဝဆောင်ရွက်ပေးခြင်းနှင့် အလုပ်သမားများရဲ့ လူမှုရေး၊ သက်သာချောင်ချိရေးဆိုင်ရာတွေကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီး ဌာနက အလုပ်ရှင်နဲ့အလုပ်သမားတွေကြားမှာ ဆွေးနွေးညှိနှိုင်းဆောင်ရွက် ပေးနေပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၃ ခုနှစ် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုး တိုးတက်ရေးဥပဒေ အခန်း(၃)၊ ပုဒ်မ ၅ အရ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်နှင့် အလုပ်သမားတွေကြားမှာ မဖြစ်မနေ ချုပ်ဆိုဖို့ ပြဋ္ဌာန်းထားပါတယ်။ စက်ရုံ အလုပ်ရုံ၊ အလုပ်ဌာနတွေမှာ အလုပ်သမားတွေကို အလုပ်စတင်ခန့်ထားစဉ်ကပင် အလုပ်ခန့်ထားမှုဆိုင်ရာ

သဘောတူညီချက်စာချုပ် Employment Contract ကို အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဦး သဘောတူ ညှိနှိုင်းမှုဖြင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ရှေ့မှာ ချုပ်ဆိုရပါတယ်။ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် မချုပ်ဆိုမီ အလုပ်သမားအား နားလည်စေရန် ရှင်းလင်းပြောကြားစေပြီး အလုပ်သမားက ဖတ်ရှုလက်ခံမှ ချုပ်ဆိုပါတယ်။ ချုပ်ဆိုပြီးတဲ့ သဘောတူစာချုပ်ကို အလုပ်ရှင် အလုပ်သမားနဲ့ အစိုးရ၊ မိမိတို့ဝန်ကြီးဌာနရဲ့ သက်ဆိုင်ရာမြို့နယ်ရုံးတွေမှာ တစ်စုံစီ ထားရှိပါတယ်။ အဲဒီစာချုပ်မှာ အလုပ်ရှင်တွေအနေနဲ့ အလုပ်သမားတွေရဲ့ အကျိုးခံစားခွင့်တွေကို အပြည့်အဝဆောင်ရွက်ပေးဖို့ တာဝန်ယူရသလို အလုပ်သမားတွေဘက်ကလည်း လုပ်ငန်းခွင် အေးချမ်းသာယာရေးနဲ့ ကုန်ထုတ်လုပ်မှု တိုးတက်စေရေးအတွက် ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

ဆန္ဒပြတောင်းဆိုမှု မပြုလုပ်တဲ့ စက်ရုံတွေကို လေ့လာကြည့်တဲ့အခါမှာ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို လုပ်သားအားလုံး သိရှိစေဖို့အတွက် ဖြန့်ဝေပေးထားခြင်း၊ အုပ်ချုပ်သူနှင့် အလုပ်သမားများအကြား နွေးထွေးစွာဆက်ဆံပြီး လိုအပ်ချက်တွေကို ညှိနှိုင်းဖြေရှင်းခြင်း၊ လုပ်သားတွေရဲ့ အခက်အခဲကို မန်နေဂျာက ချက်ချင်းညှိနှိုင်းဆောင်ရွက်ပေးခြင်း၊ အလုပ်သမားအချင်းချင်း စည်းလုံးညီညွတ်မှုရှိစေဖို့ အုပ်ချုပ်သူများက ညှိနှိုင်းဆွေးနွေးထားခြင်း၊ အထက်ဝန်ထမ်းများအား ဆက်ဆံရာမှာ ရိုင်းပျတဲ့စကားလုံးတွေမသုံးဖို့ ကြပ်မတ်ဆောင်ရွက်ခြင်း၊ နိုင်ငံခြားသားပညာရှင်တွေက အလုပ်သမားတွေကို ကောင်းမွန်စွာ ပြောဆိုဆက်ဆံခြင်း၊ စက်ရုံအပေါ် လုပ်သားတစ်ဦးချင်း ကျေနပ်မှုနှုန်းကို အမည်မဖော်စနစ်နဲ့ စာဖြင့်တင်ပြစေခြင်း၊ အလုပ်သမား အဖွဲ့အစည်းများနဲ့ အလုပ်သမားကိုယ်စားလှယ်များ ထားရှိပြီး အခက်အခဲတွေရှိလျှင် ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊ Supervisor များအား အလုပ်သမားများတွေထံက မည်သည့်ငွေကြေးမှ ကောက်ခံခွင့်မပြုခြင်း၊ အကြံပေးစာတိုက်ပုံးများ ထားရှိခြင်း၊ နယ်မှလာသောဝန်ထမ်းများအား အဆောင်ထားပေးပြီး အစားအသောက်စီစဉ်ပေးခြင်း၊ စက်ရုံရဲ့ ထုတ်လုပ်မှုအခြေအနေကို ကြေညာပေးခြင်း၊ (၆)လတစ်ကြိမ် Uniform (၃)စုံ စီစဉ်ပေးခြင်း၊ သတ်မှတ်အလုပ်ချိန်အတိုင်း ခိုင်းစေခြင်း၊ အချိန်ပိုဆင်းတဲ့ရက်တွေမှာ အင်အားဖြည့် အစားအစာတွေ စီစဉ်ပေးခြင်း၊ ကျွမ်းကျင်မှုပေါ်မူတည်ပြီး သင့်တင့်မျှတတဲ့လစာ စီစဉ်ပေးခြင်း၊ အခြားအလုပ်ရုံတွေ လစာတိုးတဲ့သတင်းရရင် လုပ်သားတွေ မတောင်းဆိုမီ လစာတိုးပေးခြင်း၊ လစာတိုးပေးခြင်းကို (၆)လတစ်ကြိမ် သို့မဟုတ် နှစ်စဉ်ပုံမှန်နှုန်းဖြင့် သတ်မှတ်တိုးပေးခြင်း၊ ထူးချွန်ဝန်ထမ်းများအား ရာထူးတိုးပေးခြင်း၊ လစာတိုးပေးခြင်း၊ ငွေကြေးအခက်အခဲရှိတဲ့ ဝန်ထမ်းများအား ချေးငွေလုပ်ငန်းနှင့် ချိတ်ဆက်ပေးခြင်း၊ အရေးပေါ်ကိစ္စရပ်တွေအတွက်ခွင့်ပေးခြင်း၊ အလုပ်လုပ်ရက်နှင့်နားရက်တွေကိုညှိနှိုင်းကာ လုပ်သားများရပ်ဝေးဘုရားဖူးထွက်ဖို့ စီစဉ်ပေးခြင်း၊ သာရေးနာရေးကိစ္စတွေမှာ ထောက်ပံ့ပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ စက်ရုံပျော်ပွဲရွှင်ပွဲကို နှစ်စဉ်ကျင်းပပြုလုပ်ပေးခြင်း၊ ရက်မပျက်ဆုကြေးပေးခြင်း၊ ကံစမ်းမဲဖောက်ပေးခြင်း၊ လုပ်သက်ရင့်ဝန်ထမ်းများအား လုပ်သက်ဆုချီးမြှင့်ခြင်း၊ အမှတ်တရ လက်ဆောင်ပေးခြင်း၊ လိုင်းဆုကြေးနှင့် ထုတ်လုပ်မှုကောင်းတဲ့လတွေမှာ အလုပ်သမားတွေကို အစားအသောက် စီစဉ်ပေးခြင်း၊ အားကစားကိစ္စရပ်တွေ ပြုလုပ်ဖို့ စီစဉ်ပေးခြင်း၊ စက်ရုံလုပ်သားတွေကို အခမဲ့ဆေးစစ်ပေးခြင်း၊ ဆေးဝါးနှင့် ဆေးကုသစရိတ် ထောက်ပံ့ပေးခြင်း၊ ဖြစ်ပေါ်လာတဲ့ ပြဿနာတွေကို ကြီးတဲ့အမှုငယ်ပြီး ငယ်တဲ့အမှု ပပျောက်ရေးနှင့် အလုပ်သမားများ၏ ယုံကြည်မှုရှိရေး ဆောင်ရွက်ပေးနေတာကို တွေ့ရှိရပါတယ်။

အလုပ်သမားတွေ ဥပဒေပါ ရပိုင်ခွင့်တွေကို မှန်မှန်နဲ့ အပြည့်အဝရရှိဖို့၊ ကုန်ထုတ်လုပ်ငန်းတိုးတက်စေဖို့ ရည်ရွယ်ဆောင်ရွက်နေတာ လက်ရှိတည်ဆဲ ဥပဒေများနှင့်အညီ အလုပ်သမားများရဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊ သက်သာချောင်ချိရေး၊ အလုပ်ချိန်၊ လုပ်ခ၊ အချိန်ပို၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် ရပိုင်ခွင့်များ လုပ်ခပေးရေး အစရှိတဲ့ အလုပ်သမားရေးရာ ကိစ္စရပ်တွေကို သက်ဆိုင်ရာ စစ်ဆေးရေး အရာရှိတွေက စီမံချက်ချမှတ် စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးနေပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ အချိန်ပိုခိုင်းစေခြင်းနှင့် ရက်စားအနားပေးခြင်းတို့ကိုလည်း အချိန်ပိုလုပ်ကိုင်လိုတဲ့ စက်ရုံ၊ အလုပ်ရုံတွေက အလုပ်သမားတွေရဲ့ ဆန္ဒကိုရယူပြီး အချိန်ပိုလုပ်ကိုင်ခွင့်ကို မိမိတို့ဝန်ကြီးဌာနအောက်ရှိ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာနသို့ တစ်ပတ်ကြိုတင် တင်ပြစေပြီး သတ်မှတ်ချက်နှင့်အညီ တစ်ပတ်လျှင် အချိန်ပိုနာရီ(၂၀)ကို ခွင့်ပြုပေးနေပါတယ်။ အချိန်ပိုလုပ်ကိုင်ခဲ့တဲ့ စက်ရုံ၊ အလုပ်ရုံတွေက အလုပ်သမားတွေကို ပြန်လည်ပြီး ရက်စားအနားပေးခြင်းနဲ့ ပတ်သက်၍တင်ပြစေကာ ခွင့်ပြုချက်နှင့်အညီ လုပ်ကိုင်မှုမရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေကို သက်ဆိုင်ရာနယ်မြေတာဝန်ခံတွေက ရှောင်တခင်စစ်ဆေးကာ ပထမအကြိမ်အဖြစ် ခံဝန်လက်မှတ်ရေးထိုးစေပြီး ဒုတိယအကြိမ် ဆက်လက်ဖောက်ဖျက်က ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ စက်ရုံ၊ အလုပ်ရုံ (၁၈၀)ကို စစ်ဆေးခဲ့ရာမှာ သတ်မှတ်ချိန်ထက် ပိုမိုလုပ်ကိုင်တဲ့ စက်ရုံ၊ အလုပ်ရုံ (၆၅)ရုံကို ဝန်ခံကတိ လက်မှတ်ရေးထိုးစေခဲ့ပြီး ဒုတိယအကြိမ် ဖောက်ဖျက်တဲ့ စက်ရုံ (၂)ရုံကို တရားစွဲဆိုခဲ့ပါတယ်။ စက်ရုံ၊ အလုပ်ရုံတွေက ပိုင်ရှင်၊ မန်နေဂျာနဲ့ ကြီးကြပ်ရေးမှူးအဆင့် စီမံခန့်ခွဲသူတွေနဲ့ အလုပ်သမားတွေအကြား လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်စေပြီး အငြင်းပွားမှုများ မဖြစ်ပေါ်စေရေး၊ မတော်တဆ ထိခိုက်မှုတွေ လျော့နည်းကာ လုပ်ငန်းခွင်အေးချမ်းသာယာမှု ရှိစေရေးတို့အတွက် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေနဲ့ စက်ရုံ၊ အလုပ်ရုံ၊ မန်နေဂျာ၊ ကြီးကြပ်ရေးမှူးနှင့် လိုင်းခေါင်းဆောင် အလုပ်သမားတွေကို စက်မှုဇုန်ခန်းမတွေမှာ ရှင်းလင်းဟောပြောပို့ချခြင်း၊ ဦးစီးဌာနရှိ သင်တန်းခန်းမမှာ ဆွေးနွေးပို့ချခြင်း၊ စစ်ဆေးရေးအရာရှိတွေက စက်ရုံ၊ အလုပ်ရုံနဲ့ဆိုင်တဲ့ အလုပ်ဌာနတွေကို စစ်ဆေးစဉ် အသိပေးဆွေးနွေးမှုများ ပြုလုပ်ပေးနေပါတယ်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလက မေလအထိ စက်ရုံ၊ အလုပ်ရုံ (၄၃၇)ရုံမှာ အလုပ်သမားရေးရာ ပညာပေးသင်တန်း (၁၆၇) ကြိမ်နဲ့ စီမံခန့်ခွဲသူနဲ့ အလုပ်သမား(၂)ရပ်ပေါင်း (၅၉၃၃)ဦးကို ဆွေးနွေးပို့ချခဲ့ပြီး လက်ကမ်းစာစောင်နှင့် ပညာပေးပိုစတာများနဲ့ လက်စွဲစာစောင်များကို အခါအားလျော်စွာ ဖြန့်ဝေပေးနေပါတယ်။ ဆက်လက်၍လည်း ၂-၆-၂၀၁၄ ရက်နေ့က ၂၀-၆-၂၀၁၄ နေ့အထိ စက်မှုဇုန်တွေအလိုက် အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများပါဝင်တဲ့ စုပေါင်းအဖွဲ့နဲ့ အလုပ်ရှင်၊ အလုပ်သမား အသိပညာ ဟောပြောပွဲတွေကို ပြုလုပ်နေတဲ့အပြင် အလုပ်သမားရေးရာအငြင်းပွားမှု ပြဿနာများ အများဆုံး ဖြစ်ပွားလေ့ရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေကို ဦးစားပေးပြီး စက်ရုံအရောက် အသိပညာပေး ဟောပြောပို့ချမှုများကို ပြုလုပ်နေပါတယ်။

ဒါ့အပြင် စက်မှုဇုန်တွေရှိ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းဌာနတွေရဲ့ မန်နေဂျာ၊ ကြီးကြပ်ရေးမှူး၊ အုပ်ချုပ်သူများကို စနစ်တကျ စီမံအုပ်ချုပ်တတ်စေဖို့ အသိပညာတိုးမြှင့်ရေး ညနေပိုင်း သင်တန်းများကို စက်မှုဇုန်အလိုက် ၂၀၁၄ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှ ဇူလိုင်လ ၁၈ ရက်နေ့အထိ ညနေ(၅)နာရီမှ (၇)နာရီအထိ ပို့ချနေပါတယ်။ ဒါတင်မက အလုပ်သမားများကို ပြောင်းလဲနေတဲ့ အခြေအနေ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာစံနှုန်း သတ်မှတ်ချက်များ၊ ILO ပြဋ္ဌာန်းချက် များနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ဖို့ ဥပဒေပညာရှင်များ၊ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ အတွေ့အကြုံရှိသူများနဲ့ တိုင်ပင်ညှိနှိုင်းပြီး လက်ရှိဥပဒေများကို စိစစ်ကာ ပြင်ဆင်ရေးဆွဲခြင်း၊ အသစ်ရေးဆွဲခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ILO ပြဋ္ဌာန်းချက်အမှတ် ၈၇ နှင့် ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်း ဥပဒေအရ အလုပ်သမား အဖွဲ့အစည်းများကို ဥပဒေပါသတ်မှတ်ချက်နှင့် ကိုက်ညီရင် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနေ ပါတယ်။

အလုပ်သမားအဖွဲ့အစည်းတွေအနေနဲ့ အလုပ်သမားဆိုင်ရာ ဥပဒေပါ အခွင့်အရေးတွေကို ရရှိခံစားနိုင်ခွင့်ရှိပြီး ခံစားခွင့် မရရှိခဲ့ပါက သက်ဆိုင်ရာဥပဒေနှင့်အညီ အလုပ်ရှင်ထံက တောင်းဆိုခွင့် ရှိပါတယ်။ ၂၀၁၃ ခုနှစ် အနည်းဆုံး အခကြေးငွေဥပဒေအရ အနည်းဆုံး အခကြေးငွေ နှုန်းထား သတ်မှတ်နိုင်ဖို့အတွက် အဆင့်(၅)ဆင့်ဖြင့် ဆောင်ရွက်နေရာမှာ အနည်းဆုံး အခကြေးငွေ သတ်မှတ် ရေးဆိုင်ရာ အမျိုးသားကော်မတီအနေနဲ့ ပြည်ထောင်စုနယ်မြေကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကော်မတီဝင်များနဲ့ တွေ့ဆုံကာ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာလုပ်ငန်းစဉ်၊ ဆောင်ရွက် ရမည့်အချက်များ၊ အခြေခံရမည့်အချက်များနှင့် စပ်လျဉ်းတဲ့ ဆွေးနွေးပွဲတွေကို ၂၀၁၄ ခုနှစ် မတ်လက ဧပြီလအထိ နေပြည်တော် ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ် (၁၅)ခုမှာ သွားရောက် ရှင်းလင်း ဆွေးနွေးခဲ့ပါတယ်။ ယခုအခါ စာရင်းစစ်တမ်း ကောက်ယူနိုင်ရေးကို ဆောင်ရွက်နေပါတယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ၏ အဆိုတွင်ပါရှိသော အလုပ်ရှင်နှင့် အလုပ်သမား ပေါင်းစည်းရေးမှာ ဖြစ်သင့် ဖြစ်ထိုက်တဲ့ ကိစ္စဖြစ်ပြီး မိမိတို့အနေနဲ့လည်း ယင်းသို့ ဖြစ်စေရေးအတွက် ရည်မှန်းထား လုပ်ဆောင်နေပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ရဲ့ ကောင်းမွန်တဲ့စေတနာနဲ့ အဆို တင်သွင်းခြင်းကို အသိအမှတ်ပြုပြီး ကြိုဆိုပါကြောင်းနှင့် ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ ရှင်းလင်းတင်ပြချက်မှာပါတဲ့ ဖိလစ်ပိုင်နိုင်ငံ နှင့် ဂျပန်နိုင်ငံတို့မှာ ယခင်က အလုပ်သမားဆန္ဒပြမှုတွေဖြစ်ပွားခဲ့ပြီး တဖြည်းဖြည်းနဲ့ ကျဆင်းလာကာ ယခုအခါ ရာဂဏန်း၊ ဆယ်ဂဏန်းလောက်ပဲ ရှိတော့တဲ့အတွက် တဖြည်းဖြည်းနဲ့ ပျောက်ပျောက်သွားတဲ့ သဘောရှိကာ တဖြည်းဖြည်းနှင့် လျော့နည်းသွားတယ်လို့ သိရှိရပါတယ်။ ဒီလို တဖြည်းဖြည်းနဲ့ ပျောက် ပျောက် လျော့နည်းသွားတာကလည်း နေ့ချင်းညချင်း ချက်ချင်းဖြစ်တာ မဟုတ်ဘဲ အချိန်ယူပြီး ဆောင်ရွက်ခဲ့တဲ့အတွက် ရလာဒ်ကောင်းတွေရရှိတယ်လို့ သုံးသပ်ရရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ တင်ပြချက်မှာပါတဲ့ အလုပ်ရှင်နှင့် အလုပ်သမားဟာ တစ်စီးပွားထဲသဘောမျိုး မိသားစုစိတ်ဓာတ်မျိုးနဲ့ ဆောင်ရွက်မှုများဟာ အလွန်ကောင်းမွန်ပြီး မြန်မာနိုင်ငံမှာလည်း တစ်ချိန်ချိန်မှာ ဖြစ်လာစေဖို့ မျှော်လင့်ထားပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ

အလုပ်သမား၊ တောင်သူလယ်သမားများဟာ အရေးကြီးတဲ့ အခြေခံလူတန်းစားများဖြစ်ကြပြီး ယင်းနိုင်ငံ၏မောင်းနှင်အား (Driving Forces) များ ဖြစ်ကြပါတယ်။ အလုပ်ရှင်များဟာလည်း နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှု (Economic Development) အတွက် အရှိမဖြစ်တဲ့ အင်အားစုများ ဖြစ်ကြပါတယ်။ ဒီအင်အားစု (၂)စုဟာ သဟဇာတ Harmonization ဖြစ်ဖို့ လိုအပ်ပြီး တူညီသော အောင်မြင်မှုအခြေအနေ (Win WIn Situation) ဖြစ်ဖို့လည်း လိုအပ်ပါတယ်။

ဒါကြောင့် အလုပ်ရှင်နှင့် အလုပ်သမားများအနေနဲ့ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး (National Development) ကို အသိစိတ်ဓာတ်၊ ခံယူချက်ရှိရှိ (Political Will)ဖြင့် ပူးပေါင်း ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ မိမိတို့ မြန်မာနိုင်ငံကို ကြည့်မယ်ဆိုရင် မကြာမီကာလကမှ ဒီမိုကရေစီလမ်းကြောင်းပေါ် ရောက်ခဲ့ပြီး တစ်ချိန်က ကြားဖူးနားဝသာရှိခဲ့တဲ့ ဒီမိုကရေစီကို ကိုယ်တွေ့ မျက်ဝါးထင်ထင် ကြုံတွေ့ကြရတာ ဖြစ်ပါတယ်။ ဒီလိုကြုံတွေ့တဲ့နေရာမှာ ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သလို လွတ်လပ်ရေးရတာနဲ့ လမ်းပေါ်မှာ ဆေးရိုးလှန်း ဆိုသလိုမျိုး ဒီမိုကရေစီဆိုတာကို တိတိကျကျ မသိရှိကြသေးတာကြောင့် ဒီမိုကရေစီရင့်ကျက်မှု (Democracy Maturity) လိုအပ်နေသေးလို့ ယခုတွေ့ကြုံရတဲ့ အခက်အခဲပြဿနာတွေကို ကြုံတွေ့နေရတယ်လို့ ယူဆရ ပါတယ်။ မြန်မာပြည်သူတွေအနေနဲ့ ဒီမိုကရေစီသက်တမ်း နုသေးတာကြောင့် ဒီမိုကရေစီနှင့် ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိစေဖို့ အသိပေးမှုများ (Awareness Raising)၊ ပညာပေးမှုများ (Education) လုပ်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

မိမိတို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေနဲ့ အလုပ်ရှင် အလုပ်သမားပေါင်းစည်းညီညွတ်ရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို ပြုစု ထုတ်ပြန်ပြီး ယင်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ မိမိတို့ရဲ့ ကိုယ်စွမ်းဉာဏ်စွမ်း ရှိတဲ့ လူ့စွမ်းအားတွေနဲ့ အားကြိုးမာန်တက် တစ်စိုက်မတ်မတ် တက်တက်ကြွကြွဖြင့် ဆောင်ရွက် နေပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာ အထိုက်အလျောက် အောင်မြင်မှုတွေလည်း ရရှိခဲ့ပြီး အခက်အခဲ စိန်ခေါ်မှုများကို တစ်ခါတရံမှာ ကြုံတွေ့ရတဲ့အတွက် မျှော်မှန်းထားတဲ့ ရည်မှန်းချက် ရောက်ဖို့ စိတ်ရှည်ရှည် သည်းညည်းခံပြီး ကြုံတွေ့ရတာတွေကို အကောင်းဆုံးဖြစ်ဖို့ ကျော်လွှား ဆောင်ရွက်ကာ လိုရာပန်းတိုင်ရောက်ရှိဖို့ ပိုမိုအားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်နေပါတယ်။ ဒီနေရာမှာ တင်ပြလိုတာက ဒီမိုကရေစီ ပြည့်ပြည့်ဝဝ ဖြစ်ဖို့အတွက် အချိန်အတိုင်းအတာ တစ်ခု ကိုတော့ ပေးရမှာဖြစ်ပါတယ်။ ဆန္ဒမစောကြဖို့နဲ့ စိတ်ရှည်ကြဖို့ တိုက်တွန်းလိုပါတယ်။ ဒီမိုကရေစီကို အားလုံးနားလည်သဘောပေါက်ကြပြီး ဒီမိုကရေစီ ကျင့်စဥ်များအတိုင်း လိုက်နာ ဆောင်ရွက်လာကြတဲ့ အချိန်မှာ ဖိလစ်ပိုင်၊ ဂျာမနီ၊ ဂျပန်၊ အင်္ဂလန် တို့လို ဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။ အခု ရေတွင်းတူး အခု ရေကြည်သောက်၊ အခု သစ်ပင်စိုက် အခု အသီးစားလိုမျိုး မဖြစ်နိုင်တာကို သတိချပ်သင့်ပါတယ်။ အချိန်အတိုင်းအတာ တစ်ခုတော့ ပေးဖို့ လိုအပ်မယ်လို့ ထင်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အဆိုနဲ့ပတ်သက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး လှိုင်ဝင်း နှင့် ဗိုလ်မှူးအောင်မြင့်ဟန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ကိုယ်စား လှယ် ဦးရှုမောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်

တို့ရဲ့ ဆွေးနွေးချက်များကို အလွန်မှ အားရမိပြီး ဝမ်းမြောက်မိပါတယ်။ ဒါကြောင့် အထက်မှာ တင်ပြခဲ့တဲ့အတိုင်း စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနတွေမှာ လုပ်ငန်းခွင် အေးချမ်းသာယာစေဖို့၊ အသိပညာဆွေးနွေးဟောပြောပွဲတွေ ပြုလုပ်ပေးဖို့၊ လူမှုဖူလုံရေး အာမခံ အကျိုးခံစားခွင့်များ ရရှိစေဖို့၊ အလုပ်သမား အဖွဲ့အစည်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုဖို့အပြင် အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုတွေကို ဥပဒေနဲ့အညီ ညီညွတ်မျှတစွာ ဖြေရှင်း ဆုံးဖြတ်ပေးခြင်းများ အပါအဝင် အလုပ်ရှင်၊ အလုပ်သမား ပေါင်းစည်းညီညွတ်မှုရှိစေဖို့ မိမိတို့ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေတာကြောင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို မှတ်တမ်းတင်ထားသင့်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဒေါက်တာမြင့်ကြည် က သဘောထားပြောဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၇။**

**ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဆွေးနွေးခွင့်ပေးတဲ့အတွက်ကြောင့် ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒါအခု ကျွန်တော်တို့ ဒီအဆိုတင်ပြီးတဲ့နောက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးကလည်း သူတို့နယ်မြေတွေကို ဆင်းတယ်။ ဆင်းပြီးတော့ ဟောပြောတယ်။ ပို့ချတယ်။ ဒီဥပဒေတွေ ခုနကတုန်းက သူတို့တွေမှာရှိနေတဲ့ အုပ်ချုပ်ရေးဆိုင်ရာတွေကိုလည်းပဲ သင်တန်းတွေ ပေးနေတယ်ဆိုတာ ကျွန်တော် ကြားသိရပါတယ်။ ဒါ အင်မတန်ကောင်းပါတယ်။ ကျွန်တော်တို့ ဒီအချိန်မှာ စက်ရုံတွေကိုလည်း ရောက်ခဲ့ပါတယ်။ ရောက်ခဲ့တဲ့အခါမှာ ကျွန်တော်တို့ လစာလည်းပဲ လစာပါ။ ကျန်တဲ့အထွေထွေ တချို့ဟာတွေက အောင်းနေတဲ့ မကျေနပ်မှုလေးတွေ ရှိပါတယ်။ အချိန်ပိုက အစ။ နောက် ခုနက ကျွန်တော်တို့ တင်ပြသွားတဲ့ စာချုပ်စာတမ်းတွေလည်း ကျွန်တော်တို့ အဲဒီတုန်းက ကြည့်ခဲ့ပါတယ်။ ကြည့်ခဲ့တဲ့အခါမှာ မေးပါတယ်။ မေးတဲ့အခါမှာ တော်တော်များများက မသိဘူးဘဲ ပြောပါတယ်။ အဲဒီတော့ ဒါတွေ အခုဆောင်ရွက်လာပြီ၊ ဒီလိုလုပ်လာတယ်ဆိုတာ အင်မတန်ကောင်းတဲ့ အခြေအနေရှိပါတယ်။

ဒီကြားထဲမှာ ကျွန်တော်တစ်ချက် တင်ပြချင်တာကတော့ ဒီကနေ့ သူတို့ ဆန္ဒတွေပြနေကြပါတယ်။ သူတို့ရဲ့ ဆန္ဒတွေ ဖော်ထုတ်နေကြပါတယ်။ တချို့စက်ရုံတွေဆိုလည်း မနေ့တစ်နေ့တုန်းက ဆောင်ရွက်နေတာရှိပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော် တစ်ခုကြားလိုက်ရတာဟာ ဒါလည်းပဲ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေနဲ့ ဒီဟာတွေကိုလည်းပဲ ဆွေးနွေးပေးဖို့ လိုမယ်လို့ ထင်ပါတယ်။ အခုစက်ရုံ၊ အလုပ်ရုံတွေမှာ လျှပ်စစ်ဓာတ်အားတွေက တက်လာတယ်။ တက်လာတဲ့အတွက်ကြောင့် မီတာခ ခံရမယ်။ ကျွန်တော်ကတော့ အလုပ်သမားဥပဒေတွေထဲမှာလည်း မတွေ့ဘူး။ ဘယ်နိုင်ငံမှာမှလည်း အဲဒီလို ဒီအလုပ်သမားတွေဆီက မီတာခကို ဖြတ်တယ်ဆိုတာ မရှိဘူး။ အဲဒီတော့ ဒါဟာတွေဟာ ခုနကတုန်းက လခကတော့ ဒီအခြေခံလစာနဲ့ မူတည်ပြီးတော့ ပြောနေပေမယ့် ဒါတွေကလည်းပဲ ဒီအလုပ်သမားတွေရဲ့ အထွေထွေ မကျေနပ်မှုထဲမှာ ပါ ပါတယ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော် ဒီမှာ တင်ပြဆွေးနွေးချင်တာကတော့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစက်ရုံတွေဟာ ကျွန်တော်တို့သွားတုန်းက သက်ဆိုင်ရာ ဒီဇယ်လောင်စာဆီနဲ့ ကျွန်တော်တို့က မောင်းရတယ်။ ဟုတ်ပါတယ်။ ဒီဇယ်နဲ့မောင်းရင် ကျွန်တော်တို့ဘယ်လောက်ကုန်ကျတယ်ဆိုတာ ကျွန်တော်လည်းပဲ သဘောပေါက်ပါတယ်။ အဲဒီတော့ အခုအခါမှာဒါကတော့ ပြန်ပြီးတော့ သုံးသပ်ရမှာပါ။ လျှပ်စစ်ဝန်ကြီးဌာနကလည်း ဈေးနှုန်းတွေ လိုအပ် သလောက်တက်ပြီးတဲ့နောက်ကို လျှပ်စစ် သူတို့ ပေးမယ်။ ဒီစက်ရုံတွေကို ပေးမယ်လို့ သူတို့ ပြည်ထောင်စုလွှတ်တော်မှာလည်းပဲ သက်ဆိုင်ရာဝန်ကြီးက ပြောကြားသွားပါတယ်။ ဒါကြောင့်မိုလို့ အရင်တုန်းကဒီဇယ်တုန်းက အများကြီးကုန်ကျတယ်။ အဲဒီတော့ ဒီဘက်ကျတော့ အများကြီး ကုန်ကျတော့မယ်မဟုတ်ဘူးလို့ ယူဆပါတယ်။ ဒါကြောင့်မိုလို့ ဒီဟာတွေကလည်းပဲ ခုနကအလုပ်သမားတွေနဲ့အလုပ်ရှင်ကြားထဲမှာ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဒီဟာတွေလည်း ပြေလည်အောင် ညှိနှိုင်းဆောင်ရွက် ပေးသင့်ပါတယ်။ ခုနက ကျွန်တော်တင်ပြလိုက်တဲ့ မီတာခတွေဖြတ်တယ် ဆိုတာကတော့သူတို့လခထဲက ဒီဟာတွေ ကျွန်တော်တို့ကြားရတာ ဒါဟာ ဥပဒေနဲ့မညီဘူးလို့ ကျွန်တော့်အနေနဲ့ယူဆပါတယ်။

ဒါကြောင့်မိုလို့ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ခုနကတုန်းက ဝန်ကြီးဌာနကဆောင်ရွက်တာ၊ အခုဆောင်ရွက်နေပြီဆိုတာကျွန်တော်တို့ သိရှိသင့်သလောက် သိရှိပါတယ်။ သို့သော်လည်းပဲ ဆက်လက်ပြီးတော့ ဆောင်ရွက်စရာတွေ လိုဦးမယ်ဖြစ်တဲ့အတွက်ကြောင့် အမျိုးသားလွှတ်တော်ရဲ့ အဆုံးအဖြတ်ကိုပဲ ခံယူပါမယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် တင်သွင်းတဲ့ အလုပ်ရှင်နှင့် အလုပ်သမား ပေါင်းစည်းညီညွတ်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန်သဘောတူ၊ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာတွင် အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုတဲ့နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

ထောက်ခံမဲ (၁၁၄) မဲ၊ ကန့်ကွက် (၁၉) ၊ ကြားနေ(၃၀)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲများတဲ့အတွက် ဒေါက်တာမြင့်ကြည် ရဲ့ အဆိုကို အတည်ပြုကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၆)ရက်မြောက်နေ့ အစည်းအဝေးရပ်နားကြောင်းနှင့် (၁၇)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမ ပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၃ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]